# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၂၈–၁၁–၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၏ **လဟယ်မြို့နယ်၊ တိုက်ယံ ကျေးရွာနှင့် အံပေါ်ကျေးရွာတစ်လျှောက်ရှိ လယ်မြေများ ပြန်လည် ဖော်ထုတ်ခြင်း၊ အသစ်ဖော်ထုတ်ခြင်းလုပ်ငန်းများ လုပ်ဆောင် နိုင်ရန် စက်ယန္တရားများ၊ နည်းပညာရှင်များနှင့် လိုအပ်သော ရန်ပုံငွေ ပံ့ပိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများပေါ် ဆည်မြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ကျေးရွာအနီးရှိ ကျောက်ဆည်ကန်၏ သဲနုန်းများ တူးဖော်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်ရှိ ရွာသစ်ရွာနှင့် နောင်ခမ်းကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **တောင်သူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ခေတ်ကာလနှင့် လျော်ညီသော မြေခွန်နှုန်းထားများ ပြင်ဆင် သတ်မှတ်ကောက်ခံရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်မြင့်ရှိန်၊ မဘိမ်း မဲဆန္ဒနယ်၏ **သဘာဝဘေးဒဏ်ကြောင့် ပြိုကျ ပျက်စီးနေသော ဘဟဲကျေးရွာရှိ ဝွေးတောက်ရှိ (သီရိနန္ဒာ ကန်တော်)အား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **(၁၆" = ၁ မိုင်) စကေးဖြင့် သာ မြေပုံရေးဆွဲခွင့်ရှိသည့် မြေပုံမြို့အပါအဝင် အခြားမြို့များအား (၆၄" = ၁ မိုင်) စကေး မြို့ကွက်မြေများအဖြစ် သတ်မှတ် တိုင်းတာနိုင်ရေးအတွက် နိုင်ငံတော်မှ မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်က **"မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်သွားရောက်ချေးပေးသော ပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး**

**သတ္တမနေ့မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်**

**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၃ ရက်၊

(၂) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၂ ရက်၊

(၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၄) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊

(၅) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်၊

(၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၃ ရက်၊

(၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၉) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

(၁၀) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၁၁) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း ခွင့် ၂ ရက်၊

(၁၃) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်၊

(၁၄) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၁၅) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၅ ရက်၊

(၁၆) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၁၇) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၅ ရက်၊

(၁၈) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၅ ရက်၊

(၁၉) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၂ ရက်၊

(၂၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၂၁) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၅ ရက်၊

(၂၂ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊

(၂၃) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၂၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၁ ရက်၊

(၂၅) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၃ ရက်၊

(၂၆) မိုးညှိမဲဆန္ဒနယ်မှ ဦးကျော်မျိုးထွန်း ခွင့် ၁ ရက်နှင့်

(၂၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၈ ဦး

ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသောကော်မတီများမှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့ ထည့်သွင်းတာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီမှ ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်နှင့် အဖွဲ့ဝင် ဒေါက်တာစိုးမိုးသူ၊ မြောင်းမြမဲဆန္ဒနယ်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အတွင်းရေးမှူး ဒေါက်တာအောင်ခင် ပြင်ဦးလွင်မဲဆန္ဒနယ်၊ ဥပဒေကြမ်းကော်မတီမှ အဖွဲ့ဝင် ဦးဉာဏ်လင်း၊ ရွှေပြည်သာမဲဆန္ဒနယ်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင်

မူကြမ်း

ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်တို့အား ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်ကြောင်း အသိပေးတင်ပြပါတယ်။ ဒါ့အပြင် ဥပဒေကြမ်းကော်မတီမှ အတွင်းရေးမှူး ဦးစတီဖန်၊ ကျိုင်းတုံမဲဆန္ဒနယ်အား ယင်းကော်မတီ၏အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီမှ အဖွဲ့ဝင် ဦးကျော်စိုးလင်း၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်အား ယင်းကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်အား ယင်းကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီမှ အဖွဲ့ဝင် ဦးကျော်မြင့်၊ တိုက်ကြီးမဲဆန္ဒနယ်အား ယင်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်းပြောင်းလဲတာဝန်ပေးအပ်ကြောင်း အသိပေးတင်ပြပါတယ်။ ထို့အပြင် ဥပဒေကြမ်းကော်မတီတွင် ဒေါက်တာဝေဖြိုးအောင်၊ သာကေတမဲဆန္ဒနယ်အားလည်းကောင်း ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်အားလည်းကောင်း၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီတွင် ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်နှင့် ဦးရွှေလှကြိုင်၊ ကန်ကြီးထောင့်မဲဆန္ဒနယ်တို့အားလည်းကောင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်အားလည်းကောင်း ကော်မတီအဖွဲ့ဝင်များအဖြစ် ထည့်သွင်းတာဝန်ပေးအပ်ကြောင်း အသိပေးတင်ပြပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လဟယ်မြို့နယ်၊ တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာတစ်လျှောက်ရှိ လယ်မြေများ ပြန်လည်ဖော်ထုတ်ခြင်း၊ အသစ်ဖော်ထုတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စက်ယန္တရားများ၊ နည်းပညာရှင်များနှင့် လိုအပ်သော ရန်ပုံငွေပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင် ဖြစ်ပါတယ်။ လဟယ်မြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံနိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိတဲ့ကျေးရွာတစ်လျှောက် လယ်မြေများပြန်လည်ဖော်ထုတ်ခြင်း၊ အသစ်ဖော်ထုတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်နှင့် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုး၊ မွေးမြူရေးစနစ်ပိုမိုအားကောင်းလာရန် လိုအပ်သောနည်းပညာများ၊ သွင်းအားစုများ ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး ပြည်သူများကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လဟယ်မြို့နယ်က ဒေသခံပြည်သူတွေရဲ့ အဓိကအသက်မွေးဝမ်းကျောင်းကတော့ ရွှေ့ပြောင်းတောင်ယာစနစ်ဖြစ်ပြီး အနည်းငယ်သော လှေခါးထစ်စပါးစိုက်ပျိုးခြင်း၊ လယ်လုပ်ကိုင်ခြင်းနှင့် နှစ်ရှည်ပင်သီးနှံစိုက်ပျိုးခြင်းတို့ဖြစ်ပါတယ်ခင်ဗျား။ ရွှေ့ပြောင်းတောင်ယာစနစ်ကို အဓိကအားထားနေခြင်းကြောင့် ၂၀၁၆ ခုနှစ် မတ်လမှာထုတ်ပြန်တဲ့ ဒေသဆိုင်ရာကိန်းဂဏန်းအရ လဟယ်မြို့နယ်ရဲ့ဝမ်းစာဖူလုံမှုကတော့ ၆၀ ရာခိုင်နှုန်းသာရှိကြောင်း သိရှိရပါတယ်။ ဒီ့အပြင် လဟယ်မြို့နယ်ရဲ့သစ်တောပြုန်းတီးမှုပမာဏကို ပညာရှင်အချို့နဲ့ အဖွဲ့အစည်းအချို့ရဲ့ ၂၀၀၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စစ်တမ်းအရ နှစ်စဉ်သစ်တောပြုန်းတီးမှုပမာဏဟာ ၀.၆၉ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပါတယ်။ ဒါကြောင့် ဒေသအတွင်းစားနပ်ရိက္ခာဖူလုံဖို့ အရေးတကြီးလိုအပ်နေသလို တစ်ဖက်မှာလည်း သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ ဒီပုံကတော့ ကျွန်တော်တို့ လဟယ်မြို့နယ်ပြမြေပုံနှင့် လဟယ်မြို့ပုံပဲဖြစ်ပါတယ်။ မြေပုံပေါ်မှာဖော်ပြထားတဲ့အဝါရောင်အဝိုင်းတစ်ခုကတော့ ဒီလယ်မြေဖော်ထုတ်ဖို့ရန်အတွက် လျာထားတဲ့ အံပေါ်ရွာနှင့် တိုက်ယံရွာတို့ဖြစ်ပါတယ်ခင်ဗျား။ ဒီအဆိုပြုထားတဲ့ အံပေါ်နှင့် တိုက်ယံကတော့ လဟယ်မြို့နယ်နှင့် ၁၅ မိုင်ခန့်မှာတည်ရှိပါတယ်။ ဒီပေါ်မှာပြထားတဲ့ တိုက်ယံကျေးရွာကတော့ လက်ရှိလယ်ယာမြေလုပ်ကိုင်နေတဲ့နေရာနှင့် တိုးချဲ့ဖော်ထုတ်နိုင်တဲ့နေရာပြမြေပုံပဲဖြစ်ပါတယ်ခင်ဗျား။ တိုက်ယံရွာဟာဆိုရင် ဟိုးအပေါ်ဘက်မှာဆိုရင် နတ်အုတ်ချောင်းနှင့် ဒီအောက်ဘက်မှာတော့ တိုက်ယံချောင်းဆိုပြီးတော့ နှစ်ခုဆုံတဲ့နေရာဖြစ်ပါတယ်ခင်ဗျား။ ဒီတိုက်ယံဟာဆိုရင် လဟယ်မြို့နေကတော့ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၀၀၀ ကျော်မှာရှိပေမယ့် တိုက်ယံနှင့် အံပေါ်လွင်ပြင်တွေကတော့ အမြင့်ပေ ၁၀၀၀ ကျော် မှာသာရှိတဲ့ အပူပိုင်းလွင်ပြင်လေးဖြစ်နေပါတယ်။ ၁၉၆၂ ခုနှစ်လောက်မှာ ဒီပုံမှာပြထားတဲ့နေရာမှာ အံပေါ်မြို့ဆိုပြီးတော့ တည်ထောင်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ လဟယ်မြို့ဆိုတာမရှိသေးပါဘူး။ ဒါပေမဲ့

**မူကြမ်း**

ရာသီဥတုကြမ်းတမ်းတာကတစ်ကြောင်း၊ အဲဒီခေတ်ခါတုန်းက ကျန်းမာရေးစောင့်ရှောက်မှုမရှိခဲ့ခြင်း ကြောင့် လူပေါင်းများစွာအသက်ဆုံးရှုံးခဲ့ရတဲ့အတွက်ကြောင့် အံပေါ်မြို့ကို ယခုလက်ရှိ လဟယ်မြို့ကို ပြောင်းရွှေ့ထူထောင်ခဲ့ရပါတယ်။ ဒီပုံကတော့ အံပေါ်ရွာရဲ့လက်ရှိ လယ်ကွက်တွေနဲ့ ပြန်ဖော် ထုတ်ဖို့ရန်အတွက် လျာထားတဲ့မြေယာတွေပဲဖြစ်ပါတယ်။ တိုက်ယံချောင်းရဲ့ဝဲ/ယာဘက်မှာတော့ ဒေသခံပြည်သူတွေဟာ လယ်ယာစိုက်ပျိုးရေးကို ကိုယ်ထူကိုယ်ထတစ်နိုင်တစ်ပိုင်လုပ်ကိုင်နေကြပေမဲ့ နည်းပညာပံ့ပိုးပေးခြင်းနဲ့ လိုအပ်တဲ့သွင်းအားစုတွေ ဖြည့်ဆည်းပေးခြင်းမရှိကြောင်းလည်း သိရှိရပါ တယ်။ ဒီပုံကတော့ အံပေါ်နှင့် တိုက်ယံတစ်လျှောက်မှာ လယ်ယာပြန်လည်ဖော်ထုတ်ဖို့ရန်အတွက် လျာထားတဲ့နေရာတွေပဲဖြစ်ပါတယ်ခင်ဗျား။ ဒီပုံကတော့ ဒေသခံတွေဟာ စက်ယန္တရားတွေမရှိတော့ တဲ့အတွက်ကြောင့် ကိုယ်ထူကိုယ်ထလူအားနဲ့ပဲ ထွန်ယက်နေခြင်းပဲဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထ လယ်ကွက်တွေကို ဖော်ထုတ်တဲ့အတွက်ကြောင့်လည်း စည်းစနစ်ကျနမှုနှင့် နည်းပညာပိုင်းဆိုင်ရာမှာ အားနည်းမှုတွေ များစွာရှိနေတာကို တွေ့ရှိရပါတယ်။ ဒါကတော့ တိုက်ယံလွင်ပြင်မှာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေရဲ့အခြေအနေပဲဖြစ်ပါတယ်ခင်ဗျား။ ဒီပုံကတော့ ယခုနှစ်မှာ ရိတ်သိမ်းဖို့ရန်အသင့်ဖြစ်နေတဲ့တိုက်ယံလယ်စပါးခင်းပုံပဲဖြစ်ပါတယ်ခင်ဗျား။ ဒီပုံကတော့ အံပေါ်နှင့် တိုက်ယံကျေးရွာမှာရှိတဲ့ နန်ပုတ်ချောင်းနှင့် တိုက်ယံချောင်းတစ်လျှောက် လယ်ယာမြေဖော်ထုတ်ခြင်း နှင့် ရေရရှိနိုင်ရန် လျာထားတဲ့ပုံကြမ်းပဲဖြစ်ပါတယ်ခင်ဗျား။ အစိမ်းရောင်နဲ့ခြယ်ထားတာတွေကတော့ လယ်ယာမြေဖော်ထုတ်နိုင်တဲ့မြေယာတွေဖြစ်ပြီးတော့ ပန်းရောင်ခြယ်ထားတဲ့အကွက်လေးတွေကတော့ လက်ရှိတစ်နိုင်တစ်ပိုင်စိုက်ပျိုးနေတဲ့လယ်ကွက်တွေပဲ ဖြစ်ပါတယ်။ အဝါရောင်လိုင်းနဲ့ပြထားတာက တော့ ရေသွယ်မြောင်းတူးဖော်ရန်ဖြစ်ပြီးတော့ အပြာရောင်တြိဂံပုံနဲ့ကတော့ ရေလွှဲဆည်တည်ဆောက် ဖို့ရန်အတွက် လျာထားတဲ့နေရာတွေပဲဖြစ်ပါတယ်။ တိုးချဲ့ဖော်ထုတ်နိုင်မယ့်ဧကပေါင်းကတော့ ၉၀၀ ကနေ ၁၀၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရှိရပါတယ်။ ပြည်သူ့အစိုးရအနေဖြင့်လည်း ဒီလယ်ယာမြေ တွေကို ပြန်လည်ဖော်ထုတ်ပေးမယ်ဆိုပါက လဟယ်မြို့နယ်ရဲ့ဝမ်းစာဖူလုံမှုဟာ အတိုင်းအတာတစ်ခု အထိ ဖူလုံလာမှာဖြစ်ပါတယ်။ ဒီ့အပြင် ဒေသနှင့်ကိုက်ညီတဲ့ မွေးမြူရေးစနစ်တွေလည်း အားကောင်း လာဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ဒေသအတွင်း စားနပ်ရိက္ခာဖူလုံနိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိတဲ့ တိုက်ယံနှင့် အံပေါ်ကျေးရွာတစ်လျှောက် လယ်ယာများ ဖော်ထုတ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနမှ စက်ယန္တရားများ၊ နည်းပညာများနှင့် လိုအပ်ရန်ပုံငွေတွေ ပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိ၊

အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင်စတင်ဆောင်ရွက်ပေးမည်နည်း၊ ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးစနစ်ပိုမိုအားကောင်းလာရန်နှင့် လိုအပ်သောနည်းပညာများနှင့် သွင်းအားစုများ ကူညီဆောင်ရွက်ပေးရန် မည်သို့သောအစီအမံများ ထားရှိပါသနည်း။ အစီအစဉ်မရှိ၊ အစီအမံများ မရှိပါက အဘယ့်ကြောင့်နည်းကို ဒေသခံပြည်သူများကိုယ်စား သိရှိလို၍မေးမြန်းလိုခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်အတွင်း၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက် ဖြစ်နိုင်ခြေရှိတဲ့ တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာတွေမှာ လယ်ယာမြေ ပြန်လည်ဖော်ထုတ်ရေးနှင့် ဒေသနှင့်ကိုက်ညီတဲ့ စိုက်ပျိုးမွေးမြူရေးစနစ် ပိုမိုအားကောင်းလာစေ ရေးတို့အတွက် လိုအပ်တဲ့နည်းပညာများနှင့် သွင်းအားစုများ ကူညီဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားမှာလည်းဖြစ်ပါတယ်။ ဒီလိုဖြေကြားတဲ့နေရာမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာပါတဲ့ လဟယ်မြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံရေး အတွက် တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာတွေမှာ လယ်ယာမြေဖော်ထုတ်ရေးဆိုတဲ့ အပိုင်းနှင့် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာ၊ သွင်းအားစုများ ကူညီဆောင်ရွက်ပေးရေးဆိုတဲ့အပိုင်းဆိုပြီးတော့ နှစ်ပိုင်းတွေ့ရှိရပါတယ်။ ပထမပိုင်းဖြစ်တဲ့ လယ်ယာမြေဖော်ထုတ်ရေးအပိုင်းနှင့်ပတ်သက်လို့ ဖြေကြား ရမယ်ဆိုရင် တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာများမှာ လယ်ယာမြေဖော်ထုတ်မည်ဆိုပါက အဓိက အားဖြင့် လှေခါးထစ်ကုန်းမြင့်လယ်ယာများဖော်ထုတ်ရမည့် အခြေအနေဖြစ်ကြောင်း သိရှိရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေနှင့် လှေခါးထစ်

ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းတွေကို ဒေသလိုအပ်ချက်နှင့်အညီလျှော်ညီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ထားခဲ့ပြီး မိမိရဲ့ဌာနအနေနဲ့ကတော့ နည်းပညာနှင့်အကောင်အထည်ဖော်မှုလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြချက်မှာ အထက်ဖော်ပြပါ တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး လှေခါးထစ်၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်းကို စီမံချက်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်သည့်အချိန်မှာ မိမိတို့၏ဝန်ကြီးဌာနရဲ့ ဦးစီးဌာနတစ်ခုဖြစ်တဲ့ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့လည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ဖော်ထုတ်မည့်ဧရိယာများကို တည်နေရာအလိုက် စူးစမ်းလေ့လာခြင်းမှစ၍ နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာပဲ ဖြစ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ စိုက်ပျိုးရေးနည်းပညာပေးရေးအနေနဲ့ မြေယာဖော်ထုတ်သည့် ဧရိယာများမှလည်းကောင်း၊ လုပ်ကွက်ငယ်၊ လယ်ကွက်ငယ်များမှာလည်းကောင်း မိုးရာသီမှာ တောင်ယာစပါးစနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အခြားသီးနှံအဖြစ် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့အတွက် နည်းပညာပေးတဲ့လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကုန်းမြင့်ပိုင်းကျတဲ့ဧရိယာများအတွင်းမှာ စီးပွားဖြစ်စိုက်ပျိုးနိုင်တဲ့ လက်ဘက်၊ မျောက်ငို၊ ချဉ်ပေါင်ဖာလာစတဲ့ ဒေသမှာဖြစ်ထွန်းတဲ့သီးနှံများအတွက် ကွင်းဆင်းစည်းရုံးပညာပေးခြင်းကို မိမိတို့ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဒေသခံစိုက်ပျိုးရေးပညာရှင်များ ဒေသတွင်းအကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် ဒေသခံများရဲ့ သားသမီးများကို စိုက်ပျိုးရေးသိပ္ပံကျောင်းများသို့ တက်ရောက်ခွင့်ရရှိရေးကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပေးလျက်လည်း ရှိပါတယ်။ ရွှေဘိုစိုက်ပျိုးရေးသိပ္ပံကျောင်းမှာ လဟယ်မြို့နယ် ဒေသခံစိုက်ပျိုးရေး ဒီပလိုမာလက်မှတ်ရ စိုက်ပျိုးရေးပညာရှင်များကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ နှစ်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ နှစ်ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ယခင်က လဟယ်မြို့နယ်မှာ စိုက်ပျိုးရေးပညာပေးလုပ်ငန်း ဆောင်ရွက်နိုင်တဲ့ပညာရှင်ဝန်ထမ်းဟာ တစ်ဦးတည်းသာရှိခဲ့ပါတယ်။ စိုက်ပျိုးပညာရှင်ဝန်ထမ်းထပ်မံဖြည့်တင်းပေးခဲ့တဲ့နေရာမှာ

၁၁-၂-၂၀၁၅ ရက်နေ့ အမိန့်စာနဲ့ ဒု-လက်ထောက်ဦးစီးမှူး ကျောထောက်နောက်ခံပြုအလုပ်သင် နေ့စားဝန်ထမ်း နှစ်ဦးကိုလည်းကောင်း၊ မိမိတို့အစိုးရလက်ထက် ၁၂-၈-၂၀၁၆ ရက်နေ့မှာ ထပ်မံ၍ အလုပ်သင်နေ့စား ဝန်ထမ်းနှစ်ဦးကိုလည်းကောင်း ခန့်ထားပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၎င်းအပြင် လဟယ်မြို့နယ်ခွဲဖြစ်တဲ့ ထန်ပါခွေမြို့နယ်ခွဲကို ဖျက်သိမ်းခဲ့တဲ့အတွက် ယင်းမြို့နယ်ခွဲမှ ပညာပေး ဝန်ထမ်းနှစ်ဦးကိုလည်းပဲ လဟယ်မြို့နယ် အုပ်ချုပ်မှုအောက်သို့ ပြန်လည်ပူးပေါင်း ရောက်ရှိခဲ့ပြီးဖြစ် တဲ့အတွက် ယခင်အခြေအနေတွင် တစ်ဦးပဲရှိရာမှ ယခုအခြေအနေမှာ၊ လဟယ်မြို့နယ်မှာ စိုက်ပျိုး ပညာပေးဝန်ထမ်း ခုနစ်ဦးရှိပြီဖြစ်ပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

မွေးမြူရေးဆိုင်ရာ နည်းပညာပေးရေးအနေနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်၊ နန်းယွန်းနှင့် လေရှီးမြို့နယ်တို့မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ နည်းပညာပေးလုပ်ငန်းဖြစ် တဲ့ အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းအမှတ်စဉ်(၁/၂၀၁၆) ကို ၂၄-၈-၂၀၁၆ ရက်နေ့မှ ၂၈-၈-၂၀၁၆ ရက်နေ့အထိ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ တစ်မြို့နယ်မှာ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၁၀ ဦး စုစုပေါင်းသင်တန်းသား ၃၀ ဦးကို သင်တန်းပို့ချပေး ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ဒေသနှင့်ကိုက်ညီတဲ့ မွေးမြူရေးအထောက်အကူပြုသင်တန်းများကို လည်း တိုင်းဒေသကြီးရန်ပုံငွေနဲ့ ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမှာပဲ ဖြစ်ပါတယ်။

သွင်းအားစုအနေနဲ့တော့ လဟယ်မြို့နယ်၊ တာလံရပ်ကွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ CP ကုမ္ပဏီနှင့် ပူးပေါင်းပြီး ကျေးရွာရန်ပုံငွေကျပ်သိန်း ၃၀၀ ထူထောင်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် တိရစ္ဆာန်ဆေးကုအခြေစိုက်စခန်းသို့ နှစ်စဉ် တိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ဆေးထိုးနှံနိုင်ရန် ကျွဲနွားလည်ချောင်းကွဲရောဂါကာကွယ်ဆေး ၅၅၀ အဆ၊ ကျွဲနွားဒေါင့်သန်းရောဂါကာကွယ်ဆေး အဆ ၁၀၀၊ ကျွဲနွားပေါင်ပုပ်သတ်ပုတ်ရောဂါကာကွယ်ဆေး အဆ ၄၄၀၊ ဝက်ဝမ်းကျကာကွယ်ဆေး အဆ ၁၀၀၊ ကြက်လည်လိမ်ရောဂါကာကွယ်ဆေး ၆၉၀၀ အဆတို့ကို အခမဲ့ဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသတိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ဝ.၇ သိန်းကိုလည်း ခွဲဝေချထားဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

## မူကြမ်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ထောက်ပံ့ငွေမှ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဝက်မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးရန်အတွက် ကျပ်သိန်း ၆၀၀ လျာထားတဲ့ အနက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၊ တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာများ သို့ တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းတန် မျိုးကောင်းမျိုးသန့်ဒေသ ဝက်နှစ်ကောင်နှုန်းဖြင့် အိမ်ထောင်စု ၁၅၀ အတွက် ကျပ်သိန်း ၃၀၀ တန်ဖိုးရှိတဲ့ ဒေသဝက်အကောင် ၃၀၀ ကိုလည်း မွေးမြူ ရေးဘဏ်စနစ်နဲ့ လက်ဆင့်ကမ်းဖြန့်ဖြူးပေးတဲ့စတစ်နဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများပေါ် ဆည်မြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က တော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းလိုတဲ့ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ် သော ဒိုက်ဦးမဲဆန္ဒနယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများပေါ် ဆည်မြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသောလယ်ယာမြေများအတွက် နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်တာနှင့်အညီ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်သော ဒိုက်ဦးမြို့နယ်ဟာ လည်း စိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်သော မြို့နယ်တစ်ခုလို့ပြောရင် မှားမယ်မထင်ပါဘူး ခင်ဗျား။ ဒိုက်ဦးမြို့နယ်မှာ ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၈၂ ရွာနှင့် ဖွဲ့စည်း ထားပါတယ်။ ဧရိယာအကျယ်အဝန်းဟာ ၄၉၇.၀၃ စတုရန်းမိုင်ရှိပြီး လူဦးရေအားဖြင့် ၂၅၀၀၀၀ ကျော် နေထိုင်သောမြို့နယ်တစ်ခုလည်းဖြစ်ပါတယ်။ စိုက်ပျိုးမြေ၊ လယ်ယာမြေဧကပေါင်း ၁၈၆၉၀၀ ကျော်

ရှိပြီး စိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်ကြတဲ့ တောင်သူလယ်သမားအများစုနေထိုင်သော မြို့နယ် လည်းဖြစ်ပါတယ်။ ဒီလိုကြိုးစားပြီးစိုက်ပျိုးလုပ်ကိုင်နေရင်း တောင်သူလယ်သမားများ၏ လယ်ယာမြေ များအပေါ်တွင် ဆည်မြောင်းများဖောက်လုပ်ခြင်းကို ခံခဲ့ကြရပါတယ်ခင်ဗျား။ ဧကများများပိုင်ဆိုင် သော တောင်သူလယ်သမားများအတွက် နစ်နာဆုံးရှုံးမှုဟာ အပန်းမကြီးသော်လည်းပဲ ဧကနည်းနည်း သာပိုင်ဆိုင်သော တောင်သူများအတွက် များစွာနစ်နာဆုံးရှုံးခဲ့ရပါတယ်။ ဥပမာအားဖြင့် ငါးဧကသာ ပိုင်ဆိုင်သောတောင်သူလယ်သမားဟာ ဆည်မြောင်းဖောက်လုပ်တဲ့အခါမှာ နှစ်ဧကလောက်ပါသွား တယ်ဆိုရင် အများကြီးနစ်နာပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒိုက်ဦးမြို့နယ်မှာ ဘောနီမြောင်း၊ မိုးယွန်းကြီးမြောင်း၊ ဘိုင်းဒါးမြောင်း၊ ကောလိယမြောင်း၊ ပျဉ်ပုံမြောင်းနှင့် ယွန်းထည်ဆည်မြောင်းဟူ၍ မြောင်းကြီးခြောက်မြောင်းတူးဖော် သွားခဲ့ပါတယ်။ ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ဘောနီမြောင်းကို စတင်တူးဖော်ရာတွင် ဘောနီကျေးရွာ အုပ်စု၊ ဗျိုင်းချယ်ကျေးရွာအုပ်စု၊ ကညင်တပင်ရွာ၊ တမံကြီးကျေးရွာအုပ်စုများမှ တောင်သူများ၏ လယ်ယာမြေများပေါ်ဖြတ်သန်းဖောက်လုပ်သွားခဲ့ပြီး နစ်နာကြေးလုံးဝမရရှိခဲ့ပါ။ ၂၀၀၁-၂၀၀၂ ခုနှစ် တွင်လည်း မိုးယွန်းကြီးမြောင်းကိုဖောက်လုပ်ရာတွင်လည်း ဝွေးပင်ကုကျေးရွာ၊ ကန်ကလေးကျေးရွာ၊ ပျဉ်ထောင်လေးကျေးရွာ၊ ကတုတ်ဘုရားကြီးကျေးရွာ၊ ကျိုက်ဇကောအနောက်ကျေးရွာများမှ တောင်သူ များ၏လယ်ယာမြေများ ပါဝင်သွားခဲ့ပါတယ်။ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ဘိုင်းဒါးမြောင်းကို ထပ်မံတူး ဖော်ရာမှာ ဥသျှစ်ကုန်းကျေးရွာ၊ ဆင်ဇလုတ်ကျေးရွာ၊ ဒိုးတန်းကျေးရွာ၊ သပြေတန်းကျေးရွာအုပ်စုနှင့် ပသွယ်ကျေးရွာ၊ ကန်ကလေးကျေးရွာ၊ ရှမ်းစုကျေးရွာများမှ တောင်သူများ၏လယ်ယာမြေများစွာ ပါဝင် သွားခဲ့ပြီး ယခုအချိန်အထိ နစ်နာကြေးမရရှိခဲ့ကြပါဘူး။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကောလိယမြောင်းကို ဖောက်လုပ်ရာမှာလည်း ကွင်းမြောင်ကြီးကျေးရွာ၊ သင်အင်းကျေးရွာ၊ ပွဲတမော့ကျေးရွာ၊ ကုက္ကိုင်းကျေး ရွာ၊ ကျေးတောစုကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာများမှ လယ်ယာမြေများ ပါဝင်သွားသည်ဟု သိရှိရပါ တယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပျဉ်ပုံမြောင်းကိုဖောက်လုပ်ရာမှာ ကျိုက်ဇကောအနောက်ကျေးရွာ၊ စလူတောကျေးရွာများမှ လယ်ယာမြေများပါဝင်သွားခဲ့ပြီး ထိုမြောင်းသည် ယနေ့အချိန်ထိ ရေစီး ရေလာမရှိဘဲဖြစ်နေသောမြောင်းလည်းပဲဖြစ်ပါတယ်။ ရဲနွယ်ဆည်မြောင်းကို ဖောက်လုပ်ရာမှာ ပန်းကန်ကွဲကျေးရွာအုပ်စုနှင့် မှော်အင်းကျေးရွာအုပ်စုမှ လယ်ယာမြေများစွာဆုံးရှုံးသွားခဲ့ပါတယ်။ ကျွန်တော်ဖော်ပြခဲ့သောမြောင်းများမှာ မိုးယွန်းကြီးမြောင်းနှင့် တချို့သောမြောင်းလက်တက်များသည် ဖောက်လုပ်ရာတွင် လယ်ယာမြေများစွာပါဝင်သွားသော်လည်း ယနေ့အချိန်ထိ ဝင်းမြောင်းများမှ

ရေပေးလွှတ်ခြင်းမရှိသဖြင့် တောင်သူအတွက်လည်း အကျိုးမရှိသလို နိုင်ငံတော်အတွက်လည်း အကျိုးမရှိဖြစ်နေပါတယ်။ သို့ပါသောကြောင့် ကျွန်တော်မေးမြန်းလိုတာကတော့ ဆည်မြောင်းများ ဖောက်လုပ်ရာတွင်ပါဝင်သွားခဲ့သော လယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်ရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပေးပါမည်ကိုသိရှိလိုပါ ကြောင်း ဒေသခံတောင်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်ရဲ့ ဒိုက်ဦးမြို့နယ်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများရဲ့ လယ်ယာမြေများ အပေါ်မှာ ဆည်မြောင်းများဖောက်လုပ်တဲ့နေရာမှာ ပါဝင်သွားတဲ့လယ်ယာမြေများအတွက် တောင်သူ လယ်သမားများကို နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် သိလိုခြင်းမေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဖြေကြားမှာဖြစ်ပါ တယ်။

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်အတွင်းမှာရှိတဲ့ ပျဉ်ပုံကြီး၊ ဘောနီ၊ ကောလိယ၊ ဘိုင်းဒါး ရေလှောင်တမံများနှင့် ဆည်ရေသောက်စနစ်များ တည်ဆောက်ထားကာ နှစ်စဉ်နွေစပါးလျာထားဧက များကိုပြည့်မီအောင် စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ ပျဉ်ပုံကြီးရေလှောင်တမံနှင့်ရေသောက်စနစ် ကို ၁၉၈၇ ခုနှစ်မှာလည်းကောင်း၊ ဘောနီရေလှောင်တမံနှင့်ရေသောက်စနစ်ကို ၁၉၉၉ ခုနှစ်မှာ လည်းကောင်း၊ ကောလိယနှင့်ဘိုင်းဒါး ရေလှောင်တမံနှင့်ရေသောက်စနစ်များကို ၂၀၁၂ ခုနှစ် မတ်လမှာလည်းကောင်း တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ရေလှောင်တမံစီမံကိန်းများဟာ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမွန်မှန်ကန်သောရည်ရွယ်ချက်နဲ့ တည်ဆောက်ပေးခဲ့တဲ့ ဟာဖြစ်ပြီး လက်ရှိမှာလည်း ဒေသစိုက်ပျိုးရေရရှိရေးကို အကျိုးပြုနေလျက်ရှိပါတယ်။ ရေလှောင်

တမံများ၏ ရေသောက်စနစ်များတည်ဆောက်တဲ့နေရာမှာ ပါဝင်သွားတဲ့ လယ်ယာမြေများအတွက် တောင်သူလယ်သမားများကို နစ်နာကြေးထောက်ပံ့ပေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းခြင်းအတွက် ဤဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် ဩဂုတ်လမှာ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးနောက်မှာ ဆောင်ရွက်ခဲ့တဲ့စီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာတဲ့ နစ်နာဆုံးရှုံးမှုများမရှိစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အဆိုပါ ရေလှောင်တမံနှင့်ဆည်ရေသောက်စနစ်များဟာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို မပြဋ္ဌာန်းမီကပင် တည်ဆောက်ခဲ့တဲ့ ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်များဖြစ်တဲ့အတွက် လျော်ကြေးပေးရန်ကိစ္စအတွက် စိုက်ပျိုးသီးနှံများစာရင်း၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်တဲ့စာရင်း စသည်တို့ကို ယခုမှ ကောက်ယူရမည်ဆိုတဲ့အတွက် မှန်ကန်မှုရရှိရန် အခက်အခဲများကြောင့်သော်လည်းကောင်း၊ ရေလှောင်တမံနှင့်ဆည်ရေသောက်စနစ်များ တည်ဆောက်စဉ်ကာလက ဒေသအာဏာပိုင်များ၏ခွင့်ပြုချက်နှင့် ထိုစဉ်ကတည်ရှိခဲ့တဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေရယူဆောင်ရွက်ခဲ့မှုဖြစ်ခြင်းကြောင့်လည်းကောင်း စီမံကိန်းလုပ်ငန်းများမှာလည်း ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများအဖြစ် အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့တဲ့လုပ်ငန်းများဖြစ်ခြင်းတို့ကြောင့်လည်းကောင်း နစ်နာဆုံးရှုံးမှုများကို ပြန်လည်ဖြေရှင်းဆောင်ရွက်ရမည်ဆိုပါက နိုင်ငံတော်အတွက်လည်း ယင်းကိစ္စရပ်အများအပြားအတွက် ဝန်ထုပ်ဝန်ပိုးများစွာ ဖြစ်စေနိုင်မည်ဖြစ်တဲ့အတွက် နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ အခုလို စောစောကမေးသွားတာကို အကျယ်တဝင့်ဖြေကြားပေးသွားတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ယခင်အစိုးရလက်ထက်က ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေကို ဆည်မြောင်းနစ်နာကြေးပေးမည်ဆိုပြီးတော့ စာရင်းများလည်းကောက်ယူခဲ့ပါတယ်။ ဒါပေမဲ့ ယနေ့အချိန်ထိ အကြောင်းပြန်ကြားခြင်းမရှိတော့ သဖြင့် မေးမြန်းရခြင်းလည်းဖြစ်ပါတယ်။ အခုလို ရှင်းရှင်းလင်းလင်းသိရတဲ့အတွက် ဝန်ကြီးကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော် စောစောကမေးသွားတဲ့ဆည်မြောင်းများမှာ မိုးယွန်းကြီးမြောင်းအပါအဝင် မြောင်းလက်တက်လေးများဟာ ယနေ့အချိန်အထိ ရေလုံးဝမရောက်ဘဲရှိသဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတွေအတွက် အကျိုးမရှိသလို တောင်သူအတွက်လည်းအကျိုးမရှိဖြစ်နေပါ

တယ်။ ဒါကို ဝန်ကြီးအနေနဲ့ မအောင်မြင်တဲ့မြောင်းတွေဖြစ်သောကြောင့် ဒီမြောင်းတွေကို မည်သို့မည်ပုံဆက်လက်ဆောင်ရွက်မလဲဆိုတာကို ဆက်လက်သိရှိလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။အခုလို လွှတ်တော်ကိုယ်စားလှယ်ကြီးက ထပ်ဆင့်မေးခွန်းအတွက် ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းအတွက် မိမိတို့အစိုးရအဖွဲ့တာဝန်ယူပြီးတဲ့နောက်မှာ မူဝါဒများနှင့်စီမံချက်များကိုချမှတ်ပြီးတော့ ဆောင်ရွက်ပြီးအကောင်အထည်ဖော်စဉ်ကာလဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ဆည်မြောင်းများရဲ့ Functioning မဖြစ်တဲ့နေရာများအတွက် ပြန်လည်ပြုပြင်ပြီးတော့ဆောင်ရွက်တဲ့လုပ်ငန်းကို အရှိန်အဟုန်မြှင့်ပြီးဆောင်ရွက်သွားမှာဖြစ်တယ်ဆိုတဲ့အကြောင်းနှင့် ခွင့်ပြုရန်ပုံငွေပေါ်မှာမူတည်ပြီးတော့ ဖြစ်နိုင်ခြေ(FS)ကိုလေ့လာပြီးတော့ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်ဆိုတဲ့အကြောင်းကို တင်ပြရင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ မေးခွန်းရှင်ရော၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရော၊ ကျန်တဲ့ကိုယ်စားလှယ်တွေပါ သိစေချင်ပါတယ်။ ဒီနေရာကနေ ကျွန်တော် ထင်ပါတယ် နှစ်ကြိမ်၊ သုံးကြိမ်မက ကျွန်တော်ပြောဖူးပါတယ်။ ကိုယ်စားလှယ်တွေကိုယ်၌က လက်ရှိအစိုးရသွားနေတဲ့ ဒီမြေသိမ်းခံရတဲ့ကိစ္စဆိုရင် Policy သိဖို့လိုတယ်။ ဥပမာ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီဆိုတာ ဗဟိုမှာဖွဲ့သလို ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်တွေမှာ ရပ်/ကျေးအထိဖွဲ့ထားပါတယ်။ ပြီးခဲ့တဲ့လွှတ်တော်နားရက်မှာပင်လျှင် ကျွန်တော် မှာလိုက်ပါတယ်။ ဒီလိုကိစ္စတွေမှာ ကိုယ်စားလှယ်တွေအားလုံး ပူးပေါင်းပါဝင်ရမယ်။ ပူးပေါင်းပါဝင်ခွင့်ရှိတယ်။ အဲဒီတော့ ကိုယ်စားလှယ်တွေကလည်း မှန်မှန်ကန်ကန်စိစစ်ပြီးတော့ ဒါတွေကိုသုံးသပ်ပြီး မမှန်မကန်လို့ရှိရင်လည်း မမှန်မကန်တွေ့ရှိချက်အတိုင်း လက်မခံနဲ့။ မှန်မှန်ကန်ကန်၊ တရားမျှမျှတတဖြစ်အောင်၊ ဥပဒေနဲ့အညီဖြစ်အောင်လုပ်ပေးဆိုပြီး ကျွန်တော်မှာလိုက်ပါတယ်။ အဲဒီတော့ အဲဒါတွေကို ကျွန်တော်တို့ကိုယ်စားလှယ်တွေက အလေးအနက်ထားဖို့လိုတယ်။ ဒီမှာမေးတယ်။ မေးတော့ အခု ကြားတဲ့အတိုင်းပဲ အခုလိုအဖြေပဲဖြစ်တယ်။ အဲဒီတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ကလည်း ဒီလယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုစိစစ်ရေးဗဟိုကော်မတီရဲ့ ဘယ်လိုပေးမယ်၊ ဘယ်လို

ပြန်စွန့်လွှတ်မယ်၊ ဘယ်လိုလျော်ကြေး၊ နစ်နာကြေးရှိတယ်။ အဲဒီလိုမူဝါဒတွေနဲ့အညီပဲ ဖြစ်စေချင်တယ်။ ဒါကြောင့်မို့ ဒီလိုကိစ္စတွေမှာ ခုနက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့တင်မကပါဘူး။ မူက ဥပဒေမဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းခဲ့တဲ့ဟာတွေပါ ပြန်စိစစ်နေတာပါ။ ဒါကြောင့်မို့လို့ ဒီလို လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုစိစစ်ရေးဗဟိုကော်မတီရဲ့ မူဝါဒနဲ့လည်းကိုက်ညီအောင်တော့လည်း ကျွန်တော်တို့ကိုယ်စားလှယ်တွေမေးတဲ့အခါမှာ ဖြေစေချင်တယ်။ ကိုယ်စားလှယ်တွေကလည်း ပွင့်ပွင့်လင်းလင်းပြောမယ်။ ဒီမှာမေးဖို့တောင်မလိုဘူး။ ကိုယ့်မဲဆန္ဒနယ်မြေမှာ အဲဒီလိုဖြစ်ချင်ရင် အဲဒီ ကိုယ်စိစစ်တဲ့အခါမှာ ကိုယ်ပါတယ်။ မတရားတာ၊ မဟုတ်တာ၊ မမှန်တာမကန်တာ၊ ဥပဒေနဲ့မညီတာ မဖြစ်အောင် ကိုယ်ကိုတိုင်ကြိုးပမ်းရမယ်။ ဒီမှာပဲမေးတော့ ဟိုတုန်းကရေးတဲ့ဖြေတဲ့အတိုင်းနဲ့ပဲ အဲဒီလိုပဲကြားမှာပဲ။ အဲဒါ ခင်ဗျားတို့ကို ကျွန်တော်ပြောတာလည်း မနည်းတော့ဘူး။ အဲဒါ ကိုယ့်ကိစ္စကိုယ်လုပ်ကြ ကိုယ်စားလှယ်တွေက။

**ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ကျေးရွာအနီးရှိ ကျောက်ဆည်ကန်၏ သဲနုန်းများတူးဖော်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည့်အခြေအနေရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းမှာရှိတဲ့ ကျောက်ဆည်ကန် သဲနုန်းတွေပို့ချနေမှုနှင့်ပတ်သက်ပြီးတော့ ပြန်လည်တူးဖော်တဲ့အစီအစဉ်နှင့်ပတ်သက်ပြီး သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ Power Point နှင့်တင်ပြခွင့်ပြုပါ။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်ရဲ့အရှေ့ဘက် ကျောက်ဆည်ကျေးရွာအုပ်စု ကျောက်ဆည်ရွာအနီးမှာ ဖော်ပြပါကျောက်ဆည်ကန်ရှိပါတယ်။ ဒီကျောက်ဆည်ကန်အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာလူထုက သောက်သုံးရေရော၊ စိုက်ပျိုးရေရော အသုံးပြုအားထားနေရတဲ့ကန်တစ်ခုဖြစ်ပါတယ်။ ဒီရေကန်ဟာ နှစ်စဉ် ပျမ်းမျှရေစီးဝင်နှုန်းက ဧကပေ ၁၄၀၀၀ လောက်ရှိပါတယ်။ ရေသိုလှောင်မှုပမာဏနှင့်ပတ်သက်ပြီးတော့ ၆၂၅၀ ဧကပေရှိပါတယ်။ စိုက်ပျိုးမြေ၊ ဆည်ရေသောက်

ဧရိယာကတော့ ၇၉၇၇ ရှိပါတယ်။ အခုအခါမှာတော့ ဒီကျောက်ဆည်ကန်ဟာ ကာလသက်တမ်းလွန်စွာ ရှည်ကြာနေပြီဖြစ်တဲ့အတွက် သဲနုန်းတွေပို့ချလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအနေအထားကတော့ ရေသိုလှောင်နိုင်တဲ့ပမာဏဟာ ၃၁၁၅ ဧကပေပဲရှိပါတော့တယ်။ နှစ်စဉ်ပျမ်းမျှ စိုက်ပျိုးမြေဧကဟာလည်းပဲ မိုးစပါး ၁၇၆၅ နဲ့ နွေစပါး ၃၅၀ လောက်ပဲ ကျွန်တော်တို့စိုက်ပျိုးနိုင်တဲ့အနေအထားရှိပါတယ်။ ဒီရေကန်ကြီးကို သဲနုန်းတွေရာနှုန်းပြည့်တူးဖော်မယ်ဆိုရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနရဲ့တွက်ချက်မှုအရ ငွေကျပ်သန်းပေါင်း ၁၆၀၀၀ လောက် ကုန်ကျမှာဖြစ်ကြောင်း သိရပါတယ်။ ဒီကန်နဲ့ပတ်သက်ပြီးတော့ ယခင်ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ နိုင်ငံတော်သမ္မတရဲ့အထူးရန်ပုံငွေကနေပြီးတော့ ကျပ်သန်း ၆၀၀၀ လောက် ကြိုတင်ခွင့်ပြုပေးခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ သဘာဝဘေးဒဏ်တွေပေါ်ပေါက်လာတဲ့အတွက် ဒီခွင့်ပြုငွေဟာ သဘာဝဘေးကူညီကယ်ဆယ်ရေးကို လွှဲပြောင်းသုံးစွဲခဲ့ရတဲ့အတွက် အကောင်အထည်မဖော်နိုင်ခဲ့ဘူးလို့ သိရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့အားလုံးညှိနှိုင်းဆောင်ရွက်မှုအရ မနှစ်ကတော့ ဆည်မြောင်းဦးစီးဌာနကနေပြီးတော့ သူ့အစီအစဉ်နဲ့တင်ပြပါအတိုင်း ကန်ပေါင်ဘေးပတ်လည်မှာရှိတဲ့ သဲနုန်းတွေကို ပြန်လည်တူးဖော်ခြင်းနှင့် ရေကျော်၊ ရေလွှဲနေရာမှာ ပြန်လည်တူးဖော်မှုဧကပေ မြေကျင်းပမာဏ ၁၂၇၇၀ လောက် တူးဖော်နိုင်ခဲ့ပါတယ်။ ဒီနှစ်မိုးရာသီမှာတော့ မိုးရေလုံလောက်စွာရပါတယ်။ သို့သော်လည်းပဲ အခုနကပြောသလို သဲနုန်းတွေပြည့်နေတဲ့အတွက် သိုလှောင်နိုင်မှုမရှိဘဲ ရေပိုလွှဲကနေ ရေတွေလျှံကျပြီးတော့ ကန်ခြေအောက်မှာရှိတဲ့ ပုတီးကုန်းအလယ်ရွာနဲ့ မြောက်ရွာတို့ဟာ တင်ပြပါအတိုင်း အိမ်ခြေ ၃၀ လောက် ရေနစ်မြုပ်ခဲ့ရပါတယ်။ ဒီကန်ကို မူလအခြေအနေအတိုင်း ပြန်လည်တူးဖော်မယ်ဆိုရင် ငွေကြေးကုန်ကျမှုပမာဏများနေတာလည်း ကျွန်တော်တို့ သိမြင်ပါတယ်။ ဒါပေမဲ့ဒီလုပ်ငန်းပမာဏရဲ့ ထက်ဝက်လောက်ကို တင်ပြပါအတိုင်း တွက်ချက်ကြည့်တဲ့အခါမှာ မိုးစပါးဧက ၃၅၃၀ နဲ့ နွေစပါးဧက ၇၀၀ စုစုပေါင်း ၄၂၃၀ လောက် စိုက်ပျိုးနိုင်မယ့်အနေအထားဖြစ်ပါတယ်။ ဒါဆိုရင်အတိုင်းအတာတစ်ခုအထိ ကျွန်တော်တို့အဆင်ပြေမယ်လို့ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ကန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာလူထုရဲ့ သောက်သုံးရေဖူလုံမှု၊ စိုက်ပျိုးရေဖူလုံမှုနဲ့ သဘာဝဘေးအန္တရာယ်ကနေပြီးတော့ ကင်းလွတ်ဖို့အတွက် ဒီကျောက်ဆည်ကန်ကြီးရဲ့သဲနုန်းတူးဖော်ခြင်းကို ဆောင်ရွက်ပေးနိုင်တဲ့ အစီအစဉ်နဲ့ပတ်သက်ပြီးတော့ သိလိုတဲ့အတွက် မေးမြန်းပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ကျေးရွာအုပ်စု၊ ကျောက်ဆည်ကျေးရွာအနီးမှာရှိတဲ့ ကျောက်ဆည်ကန်ရဲ့သဲနုန်းများတူးဖော်တဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်တဲ့အခြေအနေ ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ကျေးရွာအနီးမှာရှိတဲ့ ကျောက်ဆည်ကန်ဟာ ရှေးမြန်မာမင်းများလက်ထက်ကတည်းကစတင်ပြီးတော့ တူးဖော်ဆည်ဖို့ခဲ့ပြီး ကန်ပေါင်အလျားဟာ ၁၄၅၀၀ ပေနှင့် ကန်ပေါင်အမြင့် ၂၀ ပေ ရှိပါတယ်။ အဆိုပါ ကျောက်ဆည်ကန်အတွင်းသို့ ရမည်းသင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျီးနီးကန်မှ ပိုလျှံရေများနှင့် စမုံချောင်းမှစီးဝင်ရေများ အရှေ့ဘက်ရှမ်းရိုးမမှစီးဆင်းလာတဲ့ လက်ရိုက်ချောင်းနှင့်အနောက်ဘက် ရွှေဒါးချောင်းတို့မှ စီးဆင်းရေများ ဝင်ရောက်ပြီး ရေဝင်ရောက်မှုအားကောင်းတဲ့ ကန်တစ်ခုဖြစ်ပါတယ်။ သို့သော်လည်းပဲ နှစ်ကာလ သက်တမ်းကြာမြင့်လာတာနှင့်အညီ သဲနုန်းများပို့ချလာပြီး တိမ်ကောလာကာ ကန်အတွင်းမှာ ရေသိုလှောင်နိုင်မှုပမာဏလျော့ကျလာခဲ့ပါတယ်။ ကျောက်ဆည်ကန်ရဲ့ နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ၁၄၀၀၀ ဧကပေခန့်ရှိပြီး မူလကကန်အတွင်း ရေသိုလှောင်နိုင်မှု ပမာဏမှာ ၆၂၅၀ ဧကပေခန့်ရှိခဲ့ရာမှ ယခုအခါ ၃၁၁၅ ဧကပေခန့်သာ သိုလှောင်နိုင်လျက်ရှိသောကြောင့် စိစစ်ပြီးရေသောက်ဧရိယာ ၃၉၆၁ ဧကပေါ်တွင် ၁၇၆၅ ဧကခန့်သာ စိုက်ပျိုးနိုင်လျက်ရှိပါတယ်။ ဒါကြောင့် ကျောက်ဆည်ကန်မှာ မူလရေလှောင်ပမာဏ ၆၂၅၀ ဧကပေအထိ ပြန်လည်သိုလှောင်နိုင်ကာ စိစစ်ပြီးရေသောက်ဧရိယာများအားကို အပြည့်အဝရေပေးဝေရေးစိုက်ပျိုးနိုင်ရန်အတွက် ကန်အတွင်းသဲနုန်းမြေတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရန်လိုအပ်လျက်ရှိပြီး မြေကြီးလုပ်ငန်းပမာဏကျင်းပေါင်း ၃၀.၅ သိန်းခန့်တူးဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၁၆၀၀၀ ခန့် ဖြစ်ပါတယ်။

**မူကြမ်း**

ကျောက်ဆည်ကန် သဲနုန်းတူးဖော်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသခံပြည်သူများမှ တင်ပြလာတဲ့အပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်များမှ ဆက်လက်ထောက်ခံတင်ပြခဲ့ခြင်းကြောင့် ယခင်အစိုးရလက်ထက်မှာ လုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခဲ့သော်လည်း ရန်ပုံငွေခွဲဝေရရှိမှုမရှိခြင်းကြောင့်လည်းကောင်း၊ ကန်ရေဝပ်ဧရိယာအတွင်းမှာရှိနေတဲ့ လယ်မြေ ၁၄၂၁ ဧကကို စိုက်ပျိုးလျက်ရှိတဲ့ လယ်သမားများမှ သဘောတူညီမှုမရရှိသောကြောင့်လည်းကောင်း ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဟု သိရှိရပါတယ်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ ကန်အတွင်းမှာရှိတဲ့လယ်မြေများနှင့် လွတ်ကင်းတဲ့ဧရိယာအတွင်းမှာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း မြေကြီးကျင်းပေါင်း ၁၂၀၀၀ ခန့်ကိုသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သို့ဖြစ်တဲ့အတွက် ကျောက်ဆည်ကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ကန်ရေဝပ်ဧရိယာအတွင်းမှာရှိတဲ့ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဒေသခံလယ်သမားများနှင့် သဘောတူညီမှုရရှိနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်းပြီးတော့ ဦးစွာညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရမှာဖြစ်ပြီး သဘောတူညီမှုရရှိပြီးမှသာ လုပ်ငန်းများကိုဆောင်ရွက်သွားရမှာလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ဤလုပ်ငန်းမှာလုပ်ငန်းပမာဏကြီးမားပြီး ရန်ပုံငွေလိုအပ်ချက်များပြားတဲ့အတွက် ဘဏ္ဍာရေးနှစ်အပိုင်းအခြား အလိုက်လိုအပ်ရန်ပုံငွေကို တင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ်မှာအခြေခံပြီး ဆောင်ရွက်သွားရမှာဖြစ်တဲ့အကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ အခုလို ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြတဲ့အတွက် များစွာမှပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ ဒါ ဒီနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်းမှာ ရွာသွန်းတဲ့မိုးရေချိန်ကြောင့် ဒီကျောက်ဆည်ကန်ရဲ့မြေပေါင်တာထိပ်ထိ ရေထိစပ်တိုက်ပြီးတော့ တာပေါင်တွေကိုစားနေတဲ့အနေအထားဖြစ်ပါတယ်။ ဒါ ရေပိုလွှဲက ရေကျော်နေတာပါ။ ဒါ ကျွန်တော်သွားတဲ့အချိန်မှာ အနည်းငယ်ကျနေပါပြီ။ ဒီအပေါ်မှာ သုံးပေလောက်ထိ ထပ်ပြီးတော့ကျနေပါတယ်။ ဒီဘက်က စီးထွက်သွားတဲ့နေရာကတော့ စမုံချောင်းထဲကို

ဝင်ပါတယ်။ စမုံချောင်းကလည်းပဲတိမ်ကောနေပြီး အဲဒီအထဲမှာ ကန္တာရပင်များပေါက်ပြီးတော့ ကောင်းကောင်းဆွဲမထုတ်နိုင်ပါဘူး။ အဲဒါကြောင့်မို့ ကျွန်တော်တို့က ဒီရေပိုလွှဲရဲ့အနောက်ကို ရေသိုလှောင်မှုပမာဏများအောင် မနှစ်က ဆည်မြောင်းဦးစီးဌာနနှင့်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီလိုရေကျော်လာပြီးတော့ တာပေါင်တွေကိုလှိုင်းပုတ်ပြီးတော့ ပြိုပျက်တာဟာ ကန်ကျိုးလုနီးပါးဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ပြည်သူ့ရဲတပ်ဖွဲ့၊ မီးသတ်၊ ပြည်သူလူထုနှင့်ပူးပေါင်းပြီးတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့နိုဝင်ဘာလထဲမှာပဲ သဲတွေချ၊ တုတ်တွေရိုက်၊ သဲအိတ်တွေဖို့ပြီး ဝိုင်းလုပ်ခဲ့ရပါတယ်။ ဒါအားလုံးဝိုင်းပြီးတော့ လုပ်ဆောင်ရတဲ့အနေအထားဖြစ်ပါတယ်။ အဲဒီတော့ ဒီတာပေါင်ရေတက်လာတဲ့အနေအထားက ယခင်တုန်းက နှစ်ကြိမ်လောက် တာကျိုးဖူးပါတယ်။ ခုနက ဝန်ကြီးအမိန့်ရှိသလို ၁၄၅၀၀၀ လောက်အရှည်ရှိပါတယ်။ အလျားရှိပါတယ်။ အဲတော့ အဲဒီတာသာကျိုးသွားမယ်ဆိုရင် အောက်မှာရှိတဲ့ကျေးရွာပေါင်းများစွာ ရေဘေးဒုက္ခရောက်မှာပါ။ အဲဒီအောက်မှာလည်း ငရုတ်စိုက်ခင်းတွေ၊ စပါးစိုက်ခင်းတွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ကျွန်တော်တို့က မရမကပြုပြင်ထိန်းသိမ်းဖို့လိုပါတယ်။ ခုနက ဝန်ကြီးအမိန့်ရှိတဲ့ ကန်ရေပြင်ထဲမှာလာပြီးတော့ ကျူးကျော်နေတဲ့ကိစ္စကလည်းပဲ ယခင်နှစ်က ယခင်လွှတ်တော်သက်တမ်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အစိုးရအဖွဲ့တွေနဲ့ အားလုံးကျွန်တော်တို့ဝိုင်းဝန်းညှိနှိုင်းပြီးတော့ သဘောတူညီမှုရရှိထားပြီးဖြစ်ပါတယ်။

နောက်တစ်ခုကလည်းပဲ ဒီလယ်တွေကို ဝင်ရောက်သွားနိုင်တဲ့အနေအထားကို ကျွန်တော်တို့က သဲနုန်းတွေတူးလိုက်ခြင်းအားဖြင့်လည်း လျော့သွားနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကိုလည်းပဲ ဝန်ကြီးအနေနဲ့စဉ်းစားပေးဖို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီကန်ကို ကျွန်တော်တို့က အောက်ကိုတူးချပေးလိုက်မယ်။ သဲနုန်းတွေဆယ်ပေးလိုက်မယ်ဆိုရင် ခုနကတာပေါင်လည်း မပျက်စီးဘူး။ တာလည်းမကျိုးနိုင်တော့ပါဘူး။ နောက်တစ်ခုက ခုနက ဒီအထဲထဲမှာလာပြီးတော့ လုပ်ကိုင်နေတဲ့လယ်မြေတွေနဲ့လည်း လွတ်ကင်းသွားနိုင်တဲ့အနေအထားဖြစ်ပါတယ်။ ကျွန်တော်လည်း ထပ်ပြီးတော့ တကယ်လို့ ဝန်ကြီး ဒီလုပ်ဆောင်မယ့်လူတွေ စေလွှတ်ပေးမယ်ဆိုရင် ကျွန်တော်တို့ ဒါတွေကိုသေချာတိုင်းတာပြီးတော့ အနက်ပမာဏဘယ်လောက်ထိ ကျွန်တော်တို့ကဆယ်လိုက်မယ်။ ရေပိုလွှဲကို ဘယ်လောက်ပမာဏထိ ထားပေးမယ်ဆိုရင် ဒီဧရိယာတွေလွတ်သွားမလဲဆိုတာ နည်းပညာနဲ့တွက်ချက်လို့ရနိုင်ပါတယ်။ ဒါကြောင့်မိုလို့ ဒီမိုးရာသီကလည်းပဲ မိုးရေချိန်လက်မကိုက်ပေမယ့်

သို့သော်လည်းပဲ တစ်ချိန်တည်းတစ်ပြိုင်တည်းမှာ ရက်တိုတိုနှင့်အများကြီးရွာတာဖြစ်တဲ့အတွက် ရေသိုလှောင်မှုပမာဏက လိုသည်ထက်ကို ပိုလိုနေတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ ကျွန်တော် စောစောတုန်းကဖြေကြားချက်ထဲမှာလည်းပါပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်သွားမယ်လို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ကျွန်တော်ဖြေကြားထားတာဖြစ်ပါတယ်။ ဒီလက်ရှိမှာတော့ အထူးရန်ပုံငွေအဖွဲ့က ဆောင်ရွက်မှုမရှိပါ။ ဒါပေမဲ့ စောစောကပြောတဲ့အချက်နဲ့ပတ်သက်လို့ ကျွန်တော်အနည်းအကျဉ်းလေး တင်ပြစရာလေး တစ်ချက်က ညှိနှိုင်းပြီးပြီဆိုတဲ့ပြောတဲ့အချက်မှာ ကျွန်တော်တို့အတွက် အခက်အခဲတစ်ခုလေးကို နည်းနည်းလေးတင်ပြခွင့်ပြုပါ။ အဲဒါကတော့ ဘာလဲဆိုတော့ အခုတင်ပြထားတဲ့ ကန်မြေတူးဖော်မည့် အဆိုပြုဧရိယာအတွင်းမှာရှိတဲ့ စိုက်ပျိုးမြေဧရိယာစုစုပေါင်း ၁၄၂၁ ဧကရှိပြီး ရမည်းသင်းမြို့နယ် အတွင်းရှိ လယ်မြေ ၁၄၁ ဧကအနက် ၈၆ ဧကဟာ ပုံစံ(၇)တောင်ထုတ်ပေးထားပြီးဖြစ်ကြောင်း တင်ပြ လိုပါတယ်။ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိနေတဲ့လယ်မြေ ၁၂၅၅ ဧက၊ ဆည်ရေသောက်လယ်မြေ (RG)လယ်မျိုး ၁၁ ဧက၊ ကန်ရေသောက်လယ်မြေ(RP)လယ်မျိုး ၁၄ ဧက စုစုပေါင်း ၁၂၈၀ ဧကတို့ကို လည်းပဲ ပုံစံ(၇)ထုတ်ပေးထားပြီးဖြစ်ကြောင်းကို သိရပါတယ်။ ဒီလောက်များပြားတဲ့ဧရိယာကို ညှိနှိုင်း ပြီးပြီဆိုတဲ့အချက်က သေချာတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ဆီပြန်လည်တင်ပြပြီး သတ်မှတ်တဲ့ ဘတ်ဂျက်တွေနဲ့ ခွင့်ပြုနိုင်တဲ့အတိုင်းအတာကိုကြည့်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်တယ်ဆိုတဲ့ အကြောင်းကို တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မောက်မယ်မြို့နယ်ရှိ ရွာသစ်ရွာနှင့် နောင်ခမ်းကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ဆက်လက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကျန်းမာရွှင်လန်းကြပါစေ ကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊

လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်အတွင်းရှိ မိုးရာသီကာလများ၌ ဆက်သွယ် သွားလာရန်ခက်ခဲသော ကျေးရွာချင်းဆက်လမ်းများကို ကျောက်ချောလမ်းအဖြစ် ဆက်လက်အဆင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဒီမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်အတွင်းရှိ ဆက်သွယ် သွားလာရေးခက်ခဲသော ကျေးရွာများကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ယခင်နှစ်များမှာ ကျောက်ချောလမ်းဆောင်ရွက် ပေးခဲ့ရာ အတော်အတန်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ရာသီမရွေးလည်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်ပါတယ်။ ယခုတင်ပြမည့်ကျေးရွာများမှာ ကျောက်ချောလမ်း တစ်ဆက်တစ်စပ်တည်းခင်းရန်ကျန်ရှိ နေတဲ့ကျေးရွာများပဲ ဖြစ်ပါတယ်။ အထူးသဖြင့် မိုးရာသီကာလများမှာဆိုရင် ဆက်သွယ်သွားလာရေး လွန်စွာခက်ခဲတဲ့ဒေသဖြစ်ပါတယ်။ အထူးသဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင် ရောင်းချရာမှာ အခက်အခဲတွေ့ကြုံရတဲ့နေရာများဖြစ်ပါတယ်။ ၎င်းကျေးရွာများမှာ (၁) စဥ့်ဝင်ကျေးရွာ အုပ်စု၊ ရွာသစ်ရွာနှင့်နောင်ခမ်း ကျေးရွာချင်းဆက်လမ်း ၂.၇၅ မိုင်၊ (၂) ဟိုလွိုင်ကျေးရွာအုပ်စု ကားလမ်းမကြီးနှင့် ဟန်နားရွာဆက်သွယ်သောလမ်း ၄ ဖာလုံ၊ (၃) ဟိုလွိုင်ကျေးရွာအုပ်စု နောင်ပီ လမ်းခွဲမှ ကုန်းမလန်းကျေးရွာအထိ ဆက်သွယ်သောလမ်း ၄ မိုင်တို့ပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုးရာသီတွင် ဆက်သွယ်သွားလာရေးခက်ခဲသည့် တင်ပြပါကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်း များကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် မေးခွန်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို

ကွင်းဆင်းစစ်ဆေးမေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းမှာရှိတဲ့ စဥ့်ဝင်ကျေးရွာအုပ်စု ရွာသစ်-နောင်ခမ်းကျေးရွာချင်းဆက်လမ်းအရှည် ၂ မိုင် ၇.၁ ဖာလုံ၊ ဟိုလွိုင်ကျေးရွာအုပ်စု မိုးနဲ-မောက်မယ် ကားလမ်းမကြီးမှ ဟန်နားရွာထိ အရှည် ၇.၄ ဖာလုံနှင့် မောက်မယ်-ဆိုက်ခေါင် ကားလမ်းမကြီး နောင်ပီလမ်းခွဲမှ ကုန်းမလန်းထိ အရှည် ၄ မိုင် စုစုပေါင်း အရှည် ၇ မိုင် ၆.၅ ဖာလုံရဲ့ လက်ရှိအခြေအနေမှာ ၁၈ ပေအကျယ်ရှိတဲ့ မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါကျေးရွာချင်းဆက်လမ်း ၃ လမ်း အရှည် ၇ မိုင် ၆.၅ ဖာလုံကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းများဆောင်ရွက်ပါက စုစုပေါင်း ငွေကျပ် ၆၀၈.၃၉၉ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာငါးရွာ၊ အိမ်ခြေ ၃၇၈ ရှိတဲ့ လူဦးရေ ၁၇၆၈ ဦးကို အကျိုးပြုမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘတ်ဂျက် လျာထားဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်/တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ လူဦးရေအချိုးအစားများအရ လျာထားသည့်အပြင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ မြို့နယ်များအားလုံး ကိုလည်း ပါဝင်လျာထားပါတယ်။ ဒါ့အပြင် ကျေးရွာများရဲ့လိုအပ်ချက်များအား မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်မှာလည်း ဦးစားပေး အစီအစဉ်အတိုင်း ရွေးချယ်လျာထားပေးပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၇၈၂၀.၂၈၁ သန်းနဲ့ ကတ္တရာလမ်း ၁၀ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၆၄ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၅၄ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်တံတား ၃၆ စင်း၊ သစ်သားတံတား ၇ စင်းနှင့် Box Culvert ၄၀ စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ မောက်မယ်မြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၁.၂၇၅ သန်းဖြင့် ကျောက်ချောလမ်း ၂ မိုင် ၂ ဖာလုံနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းထားတဲ့ ရွာသစ်-နောင်ခမ်းလမ်းပေါ်မှာရှိတဲ့ ကွန်ကရစ် တံတား ၂ စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ရွာသစ်-နောင်ခမ်းလမ်း၊ ဟန်နားလမ်း နှင့် နောင်ပီ-ကုန်းမလန်း စုစုပေါင်း လမ်း ၃ လမ်းဖြစ်တဲ့ အရှည် ၇ မိုင် ၆.၅ ဖာလုံအနက် မိုးနဲ-မောက်မယ် ကားလမ်းမကြီးမှ ဟန်နားကျေးရွာကို ဆက်သွယ်တဲ့လမ်း ၇.၄ ဖာလုံကိုတော့ ယခုနှစ်ဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေမှာ လျာထားတင်ပြပေးသွားမှာဖြစ်ပြီး ကျန် ၆ မိုင် ၇.၁ ဖာလုံကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့တဲ့အတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက်ဦးစားပေးအတိုင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါတယ် ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**တောင်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ခေတ်ကာလနှင့် လျော်ညီသော မြေခွန်နှုန်းထားများပြင်ဆင်သတ်မှတ်ကောက်ခံရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့နိုင်ငံတော်က ကောက်ခံလျက်ရှိတဲ့ မြေယာအပေါ် ကောက်ခံတဲ့အခွန်ငွေတွေနဲ့ပတ်သက်လို့ မြို့နယ်အဆင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနက မြေခွန်ပြေစာတွေ ရေးသားပြီးတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံရပါတယ်။ မြေခွန်နှုန်းထားတွေနဲ့ပတ်သက်လို့ တင်ပြရမယ်ဆိုရင် ကောက်ကြီးခွန်မှာ R-1 ကသုံးကျပ်နဲ့ ၂၅ ပြား၊ R-2 က ၁ ကျပ်နဲ့ ၇၅ ပြား၊ R-3 က ၁ ကျပ်၊ ကိုင်းမှုရင်းခွန်မှာ ၁ ကျပ်နဲ့ ပြား ၅၀၊ ၂ ကျပ်နှုန်း၊ ရော်ဘာခွန်က ၁ ကျပ်နဲ့ ပြား ၅၀ နှုန်း၊ မြို့မြေခွန်တော်က ၂၅ ပြားနှုန်းနဲ့ မြို့မြေငှားခွန်က ၃ ကျပ်နှုန်းနဲ့ ကောက်ခံလျက်ရှိတာကို တွေ့ရပါတယ်။ ဒီနှုန်းတွေက ၁၉၈၂ ခုနှစ် ကျွန်တော် စာရင်းစစ်ရာထူးနဲ့ အလုပ်စတင်ဝင်ရောက်တဲ့အချိန်၊ လစာ ၂၁၀ ပဲရတဲ့အချိန်မှာ စတွေ့ခဲ့ပြီးတော့ အငြိမ်းစားမယူခင် ခရိုင်စာရင်းစစ်ရာထူး လစာကျပ် သုံးသိန်းရလာတဲ့အချိန်အထိ ပြောင်းလဲမှုမရှိတာတွေ့ရပါတယ်။ ဒါတွေက အကြောင်းအမျိုးမျိုးကြောင့် ပြင်ဆင်ပြောင်းလဲမှုမလုပ်နိုင်တဲ့အတွက်ကြောင့် မြေခွန်ပြေစာတစ်စောင်ရဲ့တန်ဖိုးက ကျပ် ၁၀ ဂဏန်းလောက်ပဲ ကျသင့်ပြီးတော့ ကောက်ခံရတဲ့ကျေးရွာတစ်ခုရဲ့ မြေခွန်ပြေစာပေါင်းက တချို့နေရာတွေမှာ ကျပ် ၁၀၀၀ တောင် တန်ဖိုးမရှိတဲ့အတွက်ကြောင့် မြေခွန်ပြေစာကောက်ခံ တာဝန်ရှိတဲ့ ရပ်/ကျေးစာရေးတွေက ကောက်ခံခြင်းမပြုတော့ဘဲနဲ့ အခွန်ငွေကို စိုက်သွင်းပြီးတော့ ပြေစာတွေပေးဝေတာမျိုးမလုပ်တဲ့အတွက် နှစ်ကာလကြာလာတဲ့အခါမှာ မလိုလားအပ်တဲ့မြေယာပိုင်ဆိုင်မှု အရှုပ်အရှင်း တွေ

ဖြစ်လာတာတွေ့ရပါတယ်။ ပြေစာပါတန်ဖိုးများဟာ သက်ဆိုင်ရာအခွန်အကောက်လုပ်ငန်းရဲ့ စာရွက်စာတမ်းတန်ဖိုးတောင် ပြန်မရနိုင်တာ တွေ့ရပါတယ်။ လက်ရှိနိုင်ငံအတွင်း လည်ပတ်နေတဲ့ ငွေကြေးတန်ဖိုးတွေအရလည်းပဲ ကျပ်နဲ့ပြားဂဏန်းတွေနဲ့ပတ်သက်တဲ့ ငွေကြေးတွေမရှိတော့တာလည်း တွေ့နိုင်ပါတယ်။ မြေခွန်ရငွေနဲ့ပတ်သက်လို့ ဥပမာအနေနဲ့တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ လှိုင်းဘွဲ့မြို့နယ်မှာ အခွန်အကောက်ရတဲ့မြေဧက ၁၇၀၀၀၀ လောက်ရှိပြီးတော့ ကောက်လို့ရတဲ့ အခွန်ငွေက သုံးသိန်းကျော်လောက်ပဲ ကောက်ခံရရှိတာ တွေ့ရပါတယ်။ တကယ်လို့သာ မြေခွန်နှုန်းထားတွေကို ခေတ်ကာလနှင့်အညီ တောင်သူနှင့် ပြည်သူတွေ ဝန်ထုပ်ဝန်ပိုးမဖြစ်စေနိုင်တဲ့ လက်ရှိနှုန်းရဲ့ အဆ ၅၀၊ ၁၀၀ လောက် နှုန်းလောက်နဲ့ပဲ မြှင့်တင်ပြင်ဆင်ကောက်ခံမယ်ဆိုရင် ကောက်ခံရမယ့် မြေခွန်ပြေစာတန်ဖိုး အများကြီးတက်လာပြီးတော့ မြေခွန်ကောက်ခံသူတွေအနေနဲ့ စိုက်ထုတ်ပေးသွင်းနိုင်မှာမဟုတ်တဲ့အတွက် အမှန်တကယ်ကောက်ခံမှာဖြစ်လို့ သက်ဆိုင်တဲ့ပြေစာတွေကို သက်ဆိုင်သူလက်ထဲ နှစ်စဉ်ပုံမှန်ရောက်ရှိလာမှာဖြစ်ပြီးတော့ ပေးရမယ့်အခွန်ငွေအတွက် ငွေတန်ဖိုးကလည်းပဲ ပေးလို့အဆင်ပြေမယ့် ငွေတန်ဖိုးဖြစ်မှာမို့ အဆင်ပြေချောမွေ့မယ်လို့ ယူဆပါတယ်။ တစ်ဖက်ကလည်း နိုင်ငံရဲ့အခွန်ငွေတွေက အဆ ၅၀၊ ၁၀၀ လောက် ပိုပြီးတော့ တိုးပြီးရရှိလာမှာဖြစ်တဲ့အတွက် သားရွှေအိုးထမ်းရတဲ့အနေအထားမျိုး ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးမြန်းလိုတာကတော့ ကောက်ခံနေတဲ့အခွန်နှုန်းထားတွေကို ခေတ်ကာလနှင့်အညီ တောင်သူနှင့် ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့နှုန်းထားနဲ့ တိုးမြှင့်ကောက်ခံဖို့ အစီအစဉ်ရှိ/မရှိနှင့် တကယ်လို့ ပြင်ဆင်ကောက်ခံမယ်ဆိုရင် မည်သည့်ဘဏ္ဍာနှစ်မှစပြီးတော့ ပြောင်းလဲပြင်ဆင်ရန် အစီအစဉ်ရှိကြောင်း ပြည်သူများရဲ့ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ နိုင်ငံတော်ရဲ့ အခွန်အကောက်များနှင့်ပတ်သက်ပြီး မြေယာပေါ်မှာကောက်ခံတဲ့အခွန်အကောက်များနှင့် ခေတ်ကာလနှင့်ညီညွတ်မှုမရှိဘဲ နှစ်ပေါင်းများစွာပြင်ဆင်ခြင်းမရှိ အကျိုးမဲ့သည့် နှုန်းထားများ

ဖြစ်နေကြောင်း တွေ့ရှိရပြီး မြေခွန်ပြေစာတန်ဖိုးနည်းပါးလွန်း၍ ပြေစာများ တောင်သူနှင့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိဖြန့်ဝေမှုမရှိတဲ့အတွက် မလိုလားအပ်တဲ့ မြေပိုင်ဆိုင်မှုအရှုပ်အရှင်း များဖြစ်လာတဲ့အခါမှာ မြေခွန်နှုန်းထားများကို ခေတ်ကာလနှင့်အညီ ပြင်ဆင်ပြီး တောင်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ နိုင်ငံတော်အခွန်ငွေ ပိုမိုရရှိလာစေရေးအတွက် ပြင်ဆင်သတ်မှတ်ကောက်ခံ ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ တည်ဆဲမြေနှင့် အခွန် ဥပဒေများအရ မြေခွန်စနစ်ဟာ နှစ်စဉ်ရာသီအလိုက် မြေခွန်စည်းကြပ်ခြင်းလုပ်ငန်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပြီး မြေခွန်ကောက်ခံခြင်းကိုတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနက တာဝန်ယူဆောင်ရွက်ပါတယ်။

မြေခွန်စည်းကြပ်ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ (၁၈၇၆ ခုနှစ်၊ မြန်မာ နိုင်ငံတော် (အောက်ပိုင်း) မြေရာနှင့် အခွန်တော်အက်ဥပဒေ) အက်ဥပဒေ အခန်း(၃)မှာ မြေခွန် နှင့်ပတ်သက်ပြီးတော့ (က) ပုဒ်မ ၂၄ မှာ မြေခွန်ကို နိုင်ငံတော်မှ မည်သည့်အချိန်ကာလအတွက်၊ မည်သည့်နည်းလမ်းအားဖြင့်၊ မည်သည့်နှုန်းမျိုးနှင့် မည်မျှစည်းကြပ်ရမည်ကို အမိန့်ကြော်ငြာစာ ဆင့်ဆို၍ ဆောင်ရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ (ခ) ပုဒ်မ ၂၅ မှာ မြေအတွက် ထမ်းဆောင်ရန် ထိုက်သင့်တဲ့ မြေခွန်နှုန်းများကို နိုင်ငံတော်အစိုးရကပြောင်းလဲပြင်ဆင်ရန် ဆင့်ဆိုနိုင်သည်ဟုလည်း ပြဋ္ဌာန်းထားပါတယ်။ (ဂ) ၁၉၁၁ ခုနှစ် မြန်မာနိုင်ငံတော်(အောက်ပိုင်း) မြေရာနှင့် အခွန်တော်ဥပဒေ နှင့် ၎င်းအက်ဥပဒေများအရ နည်းဥပဒေများနှင့်အညီ ပြဋ္ဌာန်းသည့်အမိန့် ဆင့်ဆိုချက် ၁၀၉ မှာ မြေခွန်နှုန်းထားသတ်မှန်ပြီးသော ဒေသမျိုးတွင် သတ်မှတ်ပြီးဖြစ်တဲ့ မြေခွန်နှုန်းထားအား နှစ် (၂၀) တွင် တစ်ကြိမ်ပြင်ဆင်၍ ပြင်ဆင်မှုကို အမိန့်ပြန်တမ်း ထုတ်ပြန်ကြေညာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ၁၉၁၁ ခုနှစ်၊ မြန်မာနိုင်ငံတော်(အထက်ပိုင်း) မြေခွန်တော်လက်စွဲဥပဒေ အခန်း(၃) ရက်ဂူလေးရှင်းဥပဒေပုဒ်မ ၂၂ မှာလည်း ဥပဒေပြဋ္ဌာန်းချက်များကို အထောက်အထား ပြု၍ အခွန်တော်ကို နိုင်ငံတော်အစိုးရက ဆင့်ဆိုသည့်အတိုင်း ကောက်ခံထိုက်စေရမည်။ နိုင်ငံတော်အစိုးရတို့မှ ပြဋ္ဌာန်းတဲ့နည်းဥပဒေများအရ အခွန်တော်ကို စည်းကြပ်ရမည်ဟုလည်းကောင်း၊ နိုင်ငံတော်အစိုးရ တို့က ဆိုင်ရာအရပ်ဒေသများနှင့်အညီ ထမ်းဆောင်သင့်တဲ့ မြေခွန်တော်နှုန်းထား များကို သင့်တော် သည့်အတိုင်း အခွန်တော်နှုန်းများစီရင်စု၊ တစ်နယ်နှင့်တစ်နယ်မတူစေဘဲ ကွဲပြား သတ်မှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

**မူကြမ်း**

ဒေသတစ်ခုချင်းအလိုက် မြေခွန်နှုန်းထားသတ်မှတ်ခြင်းဆောင်ရွက်ရန် နည်းလမ်းများကိုလည်း မြန်မာနိုင်ငံ ကြေးတိုင်သွန်သင်ချက်ဖြစ်တဲ့ (Settlement Instruction)မှ ပြဋ္ဌာန်းသတ်မှတ်ထားရှိပြီး ဒေသအလိုက် လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ် စတဲ့ မြေအမျိုးအစားအလိုက် စိုက်ပျိုးထွက်ရှိတဲ့ သီးနှံ အထွက်ပမာဏနှင့် သီးနှံရောင်းရငွေအပေါ်မှာ မိမိလုပ်အားအပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ် အားလုံးကိုနုတ်ပြီးလျှင် ကျန်ရှိတဲ့ အသားတင်အကျိုးအမြတ်၏ လေးပုံတစ်ပုံမှ ရှစ်ပုံတစ်ပုံခန့်ကို မြေခွန်အဖြစ်နဲ့ သတ်မှတ်ခြင်းဖြစ်ပါတယ်။ ကြေးတိုင်စိုက်ပြီးတဲ့ဒေသများမှာတော့ အထူးသီးနှံများ အလိုက် တစ်ဧက စည်းကြပ်နှုန်းများနှင့် ကောက်ခံတဲ့နေရာမှာ တောင်ယာတစ်ဧကကို စည်းကြပ်တဲ့ ပျမ်းမျှမြေခွန်နှုန်းထားမှာ ၁ ကျပ် ၃၇ ပြားဖြစ်ပါတယ်။ သီးနှံအမျိုးအစား ကြံ၊ ဆေး၊ ကြက်သွန်၊ ကွမ်းများတွက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်းပဲ သိရှိသင်ကြားပြီးသားဖြစ်တဲ့အတွက် အချိန်ကို ငဲ့ကွက်ပြီး မတင်ပြတော့ပါ။

ယခင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်မှာ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၈၇)နဲ့ မြေခွန်ကို သီးနှံဖြင့်ပေးဆောင် စေရန် ပြဋ္ဌာန်းခဲ့ပါတယ်။ မြေခွန်ကို သီးနှံဖြင့်ပေးဆောင်စေခဲ့တဲ့နေရာမှာ စည်းကြပ်ကောက်ခံရရှိတဲ့ သီးနှံကို ထိုစဉ်က ပေါက်ဈေးဖြင့် တွက်ချက်ပါက ကျပ်သန်း ၄၅၀ ဖိုးမျှရှိခဲ့သဖြင့် တည်ဆဲမြေခွန်ဖြင့် စည်းကြပ်ငွေထက် ၁၀ ဆမျှရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ထိုစဉ်က စည်းကြပ်နှုန်းဟာ မြေအမျိုးအစားကိုလိုက်ပြီး စပါးတစ်ဧကကို တစ်တင်းမှ လေးတင်းနှုန်း၊ ဂျုံတစ်ဧကကို ၁/၂ တင်းနှုန်း၊ နှံစားပြောင်းတစ်ဧက ၁/၂ တင်းနှုန်း၊ အစေ့ထုတ်ပြောင်းတစ်ဧက ၁/၂ တင်းနှုန်း၊ မိုးမြေပဲတစ်ဧက ၁/၂ တင်းနှုန်း၊ ဆောင်းမြေပဲတစ်ဧက တစ်တင်းနှုန်း၊ နှမ်းတစ်ဧက ၁/၄ တင်းနှုန်း၊ နေကြာတစ်ဧက တစ်တင်းနှုန်း၊ ပဲအမျိုးမျိုးတစ်ဧကလျှင် ၁/၂ တင်းနှုန်း၊ ဝါတစ်ဧကလျှင် ၁၁/၂ ပိဿာနှုန်း၊ ချက်ကြံတစ်ဧက လျှင် ၁/၄ တန်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါပေမဲ့လည်းပဲ ၁၉၈၇-၁၉၈၈ ခုနှစ်မှာ တစ်နှစ် အတွင်းသာ ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ယင်းအမိန့်ကြော်ငြာစာကို ဝန်ကြီးအဖွဲ့ရဲ့ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁/၈၈)နဲ့ ပြန်လည်ရုပ်သိမ်းခဲ့ပါကြောင်း တွေ့ရှိရပါတယ်။

ထိုသို့ရုပ်သိမ်းရခြင်းရဲ့ အကြောင်းအရင်းကတော့ ထိုစဉ်ကာလက တောင်သူလယ်သမားများ အနေနဲ့ လယ်တစ်ဧကလျှင် နိုင်ငံတော်သို့ တာဝန်ကြေ စပါး ငါးတင်းမှ ၁၀ တင်းအထိ အစိုးရ

သတ်မှတ်ဈေးနှုန်းထားဖြင့် ရောင်းချပေးကြရတဲ့နေရာမှာ နိုင်ငံတော်သို့ အခွန်ထမ်းပြီးဖြစ်သကဲ့သို့ ဖြစ်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ စည်းကြပ်လျက်ရှိတဲ့ တည်ဆဲမြေခွန်နှုန်းထားများမှာ လွန်ခဲ့တဲ့ ၇၅ နှစ်ကျော်ခန့်က သတ်မှတ်ထားရှိချက်များအတိုင်းသာ ဖြစ်ပြီး ပြင်ဆင်သတ်မှတ်ခဲ့ခြင်းမရှိဘဲ ယင်းနှုန်းထားများအတိုင်း စည်းကြပ်ကောက်ခံလျက်ရှိတဲ့ အတွက် သာမန်အားဖြင့် မြေခွန်နှုန်းထားကို အနှစ် ၂၀ လျှင် တစ်ကြိမ် ပြင်ဆင်သတ်မှတ်ခဲ့ရန်ဖြစ်ပါ တယ်။ မြေခွန်တော်ကို တိုးမြှင့်သတ်မှတ်လိုက်ပါက နိုင်ငံတော်အတွက် အခွန်တော်ငွေမြောက်မြားစွာ ရရှိနိုင်မှာ မှန်ပေမယ့်လည်းပဲ တောင်သူလယ်သမားများ ထမ်းဆောင်ရမယ့်အခွန်အခ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးကိုရှေ့ရှုပြီး မြေခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်မှုမပြုခဲ့ကြောင်း သိရှိရပါတယ်။ လက်ရှိပြဋ္ဌာန်းထားရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား(၂) အရ မြေယာခွန်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှ မိမိဒေသအတွင်း အာဏာသက်ရောက်စေရန် ဥပဒေပြုဆောင်ရွက်ခွင့် ပြဋ္ဌာန်းထားရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ပါ ပြဋ္ဌာန်းချက်အရလည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ကောက်ခံရမည့်ကိစ္စဖြစ်ပါတယ်။ မြေခွန်နှုန်းထား တိုးမြှင့် ကောက်ခံရေးကိစ္စမှာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါတယ်ဆိုတဲ့ အကြောင်းနှင့် အဆွေတော် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်သည် ပြုပြင်ပြောင်းလဲသင့်တဲ့ အခြေအနေများဖြစ်တဲ့အတွက် ဝန်ကြီးဌာနအနေနဲ့လည်းပဲ ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံး ချုပ်အပ်ပါတယ်။

**သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ဘဟဲကျေးရွာရှိ ဂွေးတောက်လှိုဏ်(သီရိနန္ဒာကန်တော်) အား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်ရှိန်(မဘိမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းသွားမယ့် မေးခွန်းကတော့ မဘိမ်းမြို့နယ်၊ ဘဟဲကျေးရွာအုပ်စု ဘဟဲကျေးရွာမှာရှိတဲ့ ဂွေးတောက်လှိုဏ်(သီရိနန္ဒာကန်တော်)ဟာ

၂၀၁၁ ခုနှစ်မှာ သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ပါသဖြင့် ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေအခက်အခဲဖြစ်နေပါသဖြင့် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်တို့ ဘဟဲကျေးရွာဟာဆိုလို့ရှိရင် မိုးမိတ်- မဘိမ်း- ဗန်းမော်- ဗျူဟာလမ်းပေါ်မှာရှိပါတယ်။ အိမ်ထောင်စု ၅၀၀ ကျော်နှင့် လူဦးရေ ၂၀၀၀ နီးပါးရှိပြီးတော့မှ စိုက်ဧကအနေနဲ့ ဧကပေါင်း ၈၀၀ ကျော်ရှိပါတယ်။ အလားတူပဲ မလှိုင်ကုန်းကျေးရွာကတော့ဖြင့် အိမ်ထောင်စုပေါင်း ၂၆၄ အိမ်နှင့် လူဦးရေပေါင်း ၁၁၀၀ ကျော်နှင့် စိုက်ဧက ၅၀၀ ကျော်ရှိပါတယ်။ အဲဒီနှစ်ရွာက မှီခိုအားထားနေရတဲ့ ကျွန်တော်တို့ ငွေးတောက်လျှို(သီရိနန္ဒာကန်တော်)ဟာ ၁၉-၁၂-၁၉၉၇ ခုနှစ်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ အစိုးရရဲ့ထောက်ပံ့ငွေနဲ့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ၂-၅-၁၉၉၈ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ ကျွန်တော်တို့ စက်ယန္တရားများနှင့် တည်ဆောက်ခဲ့တာမဟုတ်ဘဲနဲ့ လူထုလုပ်အားနှင့် တည်ဆောက်ခဲ့တာဖြစ်တဲ့အတွက် နည်းပညာအားနည်းချက်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ ခိုင်ခန့်မှုအပိုင်းမှာ မသေချာတဲ့အတွက်ကြောင့်မို့လို့ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ မိုးသည်းထန်စွာရွာသွန်းပြီးတော့မှ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အတွက် အဲဒီကန်ကြီးဟာ ကျိုးပေါက်ခဲ့ပါတယ်။ ကျိုးပေါက်ခဲ့တဲ့ကန်ကို ကျွန်တော်တို့ ၂၀၁၁ ခုနှစ် မိုးကြိုကာလမှာ တောင်သူများရဲ့စုပေါင်းအားနှင့် ပြန်ပြီးတော့မှ ပြင်ဆင်ခဲ့သော်လည်းပဲ မိုးရွာသွန်းတဲ့ တစ်လခန့်အကြာမှာ မိုးတွေထပ်မံရွာသွန်းတဲ့အတွက်ကြောင့်မို့လို့ ဒီကန်ကြီးဟာ ပေါက်ခဲ့ပါတယ်။ အဲဒီအခါမှာ ပြင်းပြင်းထန်ထန် ပျက်စီးပေါက်ပြဲခဲ့တာဖြစ်တဲ့ အတွက် တောင်သူများဟာ ပြန်ပြီးတော့မှ မပြုပြင်နိုင်ဘဲနဲ့ ပစ်ထားတာ ဒီကနေ့အထိပဲ ဖြစ်ပါ တယ်။ အဲဒီဆည်ကြီးပျက်စီးသွားတဲ့အတွက် တောင်သူများဟာ မိုးရေကိုသာအားထားနေရတာ ဖြစ်တဲ့အတွက် ရေအခက်အခဲတော်တော်လေးကို တွေ့နေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းချင်တာကတော့ ဒီဆည်ကို ပြန်လည်တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ဘဟဲကျေးရွာ၊ မလှိုင်ကုန်းကျေးရွာမှာရှိတဲ့ လယ်မြေဧက ၁၀၀၀ ခန့်လောက်ဟာ အကျိုးရှိပြီးတော့မှ အဲဒီဒေသခံတောင်သူများအတွက်လည်း လူမှုစီးပွားဘဝတွေ တိုးတက်လာနိုင်မှာဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တာကတော့ ငွေးတောက်လျှိုဆည်(သီရိနန္ဒာကန်တော်)ကို ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိမယ်ဆိုရင် ဘယ်တော့

တည်ဆောက်ပေးမှာပါလဲ။ မရှိဘူးဆိုရင် ဘယ်တော့ ဘယ်လိုကြောင့် ဘယ်လိုအကြောင်းကြောင့် မဆောက်ပေးနိုင်တာလဲဆိုတာ ဒေသခံတောင်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ မဘိမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန်၏ မေးခွန်းဖြစ်တဲ့ မဘိမ်းမြို့နယ်၊ ဘဟဲကျေးရွာအုပ်စု ဘဟဲကျေးရွာအတွင်းမှာရှိတဲ့ ငွေးတောက်လျှို(သီရိနန္ဒာကန်တော်)ဟာ ၂၀၁၁ ခုနှစ်မှာ သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် ဒေသခံလယ်စိုက်တောင်သူများ စိုက်ပျိုးရေးအခက်အခဲဖြစ်နေပါသဖြင့် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်မှာ တည်ဆောက်ပေးမည်နှင့် မရှိပါက အဘယ်ကြောင့်ဆိုတာကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ဘဟဲကျေးရွာမှာရှိတဲ့ ငွေးတောက်လျှိုဆည်(သီရိနန္ဒာကန်တော်)ဟာ ဒေသမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ လျှိုပိတ်ဆည်တစ်ခု ဖြစ်ပါတယ်။ ဘဟဲကျေးရွာမှာရှိတဲ့ လယ်ယာမြေ ၃၀၀ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ အဆိုပါလျှိုပိတ်ဆည်မှာ မြေသားတမံအမျိုးအစားဖြစ်ပြီး မူလတည်ဆောက်စဉ်ကတည်းက အဓိကအရေးကြီးသော ရေပိုလွှဲကို ဒီဇိုင်းပုံစံကျတွက်ချက်၍ ထည့်သွင်းတည်ဆောက်ထားမှုမရှိတဲ့အတွက် ၂၀၁၁ ခုနှစ်မိုးရာသီမှာ မိုးသည်းထန်စွာရွာသွန်းပြီး စီးဝင်ရေများပြားစွာ ဝင်ရောက်ကာ ပြိုကျပျက်စီးခဲ့တဲ့အတွက် စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေအခက်အခဲဖြစ်ပေါ်လျက်ရှိတာကို သိရှိရပါတယ်။ ငွေးတောက်လျှိုဆည်ကို အခိုင်အမာပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်လျက်ရှိပြီး မြေသားတမံ၏ ကိုယ်ထည်ကို သတ်မှတ်လျောစောက်အတိုင်းမြေဖို့ပြုပြင်ခြင်း၊ ရေပိုလွှဲနှင့် ရေထုတ်ပြွန်ကို ဒီဇိုင်းပုံစံကျ ပြုပြင်တည်ဆောက်ခြင်းစတဲ့လုပ်ငန်းများ ဆောင်ရွက်ရမှာဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ

ကျပ်သန်းပေါင်း ၁၂၀၀ ခန့် လိုအပ်မှာဖြစ်ပါတယ်။ ဤလုပ်ငန်းကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ရန်ပုံငွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ တင်ပြတောင်းခံခဲ့သော်လည်းပဲ ခွဲဝေရရှိခဲ့ခြင်းမရှိခဲ့ပါ။ သို့သော်လုပ်ငန်းဦးစားပေးအစီအစဉ်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဘဟဲကျေးရွာအနီး မန်ဟွေချောင်းပေါ်မှာရှိတဲ့ မန်ဟွေရေလွှဲဆည်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဘဟဲနှင့် မလှိုင်ကုန်းကျေးရွာမှာရှိတဲ့ လယ်မြေ ၄၀၀ ဧကခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ဝှေးတောက်လျှိုဆည်ကို အခိုင်အမာပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့ရန်ပုံငွေကိုတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရန်ပုံငွေအတွင်းမှာ ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာအခြေခံပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်မယ်ဆိုတဲ့အကြောင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ပြီးတော့ ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**၁၆ လက်မ = ၁ မိုင် စကေးဖြင့်သာ မြေပုံရေးဆွဲခွင့်ရှိသည့် မြေပုံမြို့အပါအဝင် အခြားမြို့များအား၆၄ လက်မ = ၁ မိုင် စကေး မြို့ကွက်မြေများအဖြစ် သတ်မှတ်တိုင်းတာနိုင်ရေးအတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို မြေပုံရေးကူးခြင်းနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့အောက်မှာရှိတဲ့ မြေစာရင်းဦးစီးဌာနအနေနဲ့ မြေပုံတွေကို ရေးဆွဲတဲ့အခါမှာ ၁၆ လက်မ ၁ မိုင်ဆိုပြီးတော့ တောကွင်းမြေပုံတွေနဲ့ ရေးဆွဲတာရှိသလို ၆၄ လက်မ ၁ မိုင် မြို့ကွက်တွေဆိုပြီးတော့ ရေးဆွဲတာ နှစ်မျိုးရှိတယ်လို့ သိရှိရပါတယ်။ ဒီ ၆၄ လက်မ ၁ မိုင်ဆိုတာ မြို့ကွက်တွေကို ရေးဆွဲတဲ့အခါမှာ အသေးစိတ် တစ်ကွက်ချင်းကို သိရှိနိုင်အောင်အတွက်ဖြစ်ပါတယ်။ တစ်ကွက်ချင်းလည်း မြေပုံထုတ်ယူလို့ရတယ်လို့ သိရှိရပါတယ်။ ၁၆ လက်မ ၁ မိုင်ဆိုတာတော့ စုပေါင်းမြေကွက်တွေဖြစ်ပြီးတော့ အသေးစိတ်သိရှိဖို့မလိုတဲ့အတွက်နဲ့ စုပေါင်းမြေကွက်အဖြစ်ပဲ ရေးဆွဲတယ်လို့သိရှိရပါတယ်။ ဒါပေမဲ့

ကျွန်တော်တို့ မြန်မာနိုင်ငံ တချို့မြို့နယ်တွေမှာ အများအပြားမှာပေါ့လေ။ ၁၆ လက်မ ၁ မိုင် တောကွင်းမြေပုံတွေလည်း အခုအချိန်ထိ ရေးဆွဲနေတာကို ကျွန်တော်တို့ သိရှိရပါတယ်။ အဲဒီလို ရေးဆွဲတဲ့အတွက် တောကွင်းမြေပုံတွေရဲ့အားနည်းချက်တစ်ခုဖြစ်တဲ့ ဒီအိမ်ခြံမြေနယ်နိမိတ်များကို တိကျစွာတိုင်းတာဖော်ပြနိုင်ခြင်းမရှိခြင်း၊ ပိုင်ဆိုင်မှုအတွက် ဂရန်များလျှောက်ထားခြင်း၊ ခြံမြေပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ လမ်း၊ ရေမြောင်း၊ ခြံမြေတိုင်းတာရာမှာ ခက်ခဲခြင်းဆိုတဲ့ ပြဿနာတွေနဲ့ ကြုံတွေ့နေရပါတယ်။ မြို့တွေမှာ အဲဒီလို ၆၄ လက်မ ၁ မိုင်နဲ့ ရေးကူးခြင်းဖြင့် မြေကွက်တစ်ကွက်ခြင်းကိုလည်း ထုတ်လို့ရတယ်လို့ ကျွန်တော်သိရှိရပါတယ်။ ရခိုင်ပြည်နယ်မှာ ၁၇ မြို့နယ်ရှိတဲ့အထဲမှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ဘူးသီးတောင်၊ ရသေ့တောင်၊ တောင်ကုတ်၊ ဂွ ဒီရှစ်မြို့နယ်မှာတော့ ၆၄ လက်မ ၁ မိုင် မြို့ကွက်တွေနဲ့ရေးဆွဲထားပြီးတော့ ကျန်တဲ့မြို့နယ်တွေဖြစ်တဲ့ မြေပုံ၊ ပေါက်တော၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းစတဲ့ မြို့နယ် တွေမှာတော့ ၁၆ လက်မ ၁ မိုင်စကေးနဲ့ပဲ ရေးဆွဲခွင့်ရသေးတယ်ဆိုတာ သိရှိရပါတယ်။ တစ်ခြားမြို့နယ်တွေမှာလည်း ဒီလိုရှိကောင်းရှိနိုင်ပါတယ်။ တစ်ဖက်မှာ ကျွန်တော်တို့က ဒီစံပြကျေးရွာတွေဆိုပြီးတော့ နိုင်ငံတော်ကချမှတ်လာတဲ့အခါမှာ အဲဒီစံပြကျေးရွာတွေကိုတောင်မှ ကျွန်တော်တို့ မြို့ကွက်တွေအနေနဲ့ ၆၄ လက်မ = ၁ မိုင်စကေးနဲ့ ရေးဆွဲနေတာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျန်တဲ့မြို့နယ်တွေမှာလည်း အဲဒီလို မရေးဆွဲနိုင်တဲ့အတွက် ပြဿနာတွေကို ကျွန်တော်တို့ရှိနေတယ်ဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ မြေစာရင်းဌာနဝန်ထမ်းတွေ တင်ပြချက်၊ ပြည်သူတွေရဲ့ တင်ပြချက်ပေါ်မှာမူတည်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) မြန်မာနိုင်ငံတွင် မြို့ကွက်မြေပုံ ၆၄ လက်မ ၁ မိုင်စကေးဖြင့် ရေးဆွဲခွင့်မရသည့် မြို့နယ်ပေါင်း မည်မျှကျန်ရှိနေပါသနည်း။ မေးခွန်း(၂) အချိန်ကာလကြာမြင့်စွာကပင် မြို့များအဖြစ် တည်ရှိနေသော်လည်း အဘယ်ကြောင့် တောကွင်းမြေပုံ ၁၆ လက်မ ၁ မိုင်စကေးဖြင့် ကူးဆွဲခွင့်ရှိနေပါသနည်း။ မေးခွန်း(၃) ၁၆ လက်မ ၁ မိုင်စကေးဖြင့်သာ မြေပုံရေးဆွဲခွင့်ရှိသည့် မြေပုံမြို့နယ်အပါအဝင် အခြား မြို့နယ်များအား ၆၄ လက်မ ၁ မိုင် စကေးဖြင့် မြို့ကွက်မြေများအဖြစ် သတ်မှတ်တိုင်းတာပေးနိုင်ရန် နိုင်ငံတော်ကမည်သို့ ဆောလျင်စွာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကို ဖြေကြားရမယ်ဆိုရင် မြန်မာနိုင်ငံမှာ မြို့နယ် ၃၃၀ မြို့နယ်၊ မြို့ပေါင်း ၄၃၅ မြို့တည်ရှိပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်းမှာရှိတဲ့ မြို့နယ်များမှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှာရှိတဲ့ မြို့မြေများ မြေတိုင်းတာခြင်းလုပ်ငန်းကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၆၄ လက်မ = ၁ မိုင်စကေးဖြင့် အကွက်ချမြေပုံ အချပ်ရေပေါင်း ၁၀၃၁၅၊ ဧရိယာ ၄၉၁၀၅၁ ဧက တိုင်းတာထားရှိပြီး ၆၄ လက်မ = ၁ မိုင်စကေးဖြင့် တိုင်းတာခြင်းမပြုရသေးတဲ့ မြို့ပေါင်း ၁၇၁ မြို့ရှိတယ်လို့ ဖြေကြားအပ်ပါတယ်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်းမှာရှိတဲ့ မြို့နယ်များကို မြို့မြေတိုင်းတာခြင်းနှင့် မြေယာပိုင်ဆိုင်မှု စာရင်းကောက်ယူခြင်းကိုတော့ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများမှ စီမံဆောင်ရွက်လျက်ရှိပါတယ်။ မြို့မြေတိုင်းတာခြင်းလုပ်ငန်းရဲ့ အစီအစဉ်လုပ်ငန်းစဉ်လေးကို အနည်းအကျဉ်းတင်ပြခွင့်ပြုပါ။ မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ပိုင်ဆိုင်မှုပြဿနာ၊ နယ်နိမိတ်ပြဿနာများ ပေါ်ပေါက်လာပါက ဖြေရှင်းဆောင်ရွက်ရန်အတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (နယ်သတ်ဝန်)နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (နယ်ခြားဝန်)တို့ကို ခန့်ထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် နယ်သတ်လက်စွဲဥပဒေ ပုဒ်မ ၂ မှာ နိုင်ငံ အစိုးရမင်းတို့က မည်သူကိုမဆို အမည်သညာဖြင့်ဖြစ်စေ၊ ရာထူးဌာနန္တရ အလျောက်ဖြစ်စေ၊ နယ်ခြားဝန်နှင့် နယ်သတ်ဝန်များအဖြစ်ကို အခါကာလအားလျော်စွာ ခန့်ထားခွင့်ရသည်ဟု ပြဋ္ဌာန်းထားပါတယ်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်းမှာရှိတဲ့ မြို့များမှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့နယ်များမှာ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (နယ်သတ်ဝန်)အဖြစ်နဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးကို

လည်းကောင်း၊ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (နယ်ခြားဝန်)အဖြစ်နဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ခန့်ထားဖို့ရာလိုအပ်တယ်ဆိုရင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှ တိုင်းတာမည့်မြို့၊ နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိတို့ကို ခန့်ထားပေးနိုင်ရန် တင်ပြလာပါက မိမိရဲ့ ဝန်ကြီးဌာနအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရကိုယ်စား မိမိရဲ့ဝန်ကြီးဌာနမှ ခန့်ထားပေးလျက်ရှိပါတယ်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး စည်ပင်သာယာနယ်နိမိတ်များအတွင်းမှာရှိတဲ့ မြို့နယ်များအတွက်ကိုတော့ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများမှ စီမံဆောင်ရွက်ရတဲ့ အနေအထားဖြစ်ပါတယ်။

နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိတို့ဟာ ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံအောက်ပိုင်းမြို့နှင့်ကျေးရွာမှာရှိတဲ့ မြေယာလက်စွဲဥပဒေရဲ့ နောက်ဆက်တွဲ-၂ တို့မှာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းအဆင့်ဆင့်ကို စနစ်တကျဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ လုပ်ငန်းအဆင့်ဆင့်အနေနဲ့ ပြောရမယ်ဆိုရင် (က) ပဏာမနယ်နိမိတ်သတ်မှတ်ခြင်းနှင့် မြေတိုင်းတာခြင်း၊ (ခ) ပိုင်ဆိုင်ခွင့်စုံစမ်းခြင်းနှင့် နောက်ဆုံး နယ်နိမိတ်သတ်မှတ်ခြင်း၊ (ဂ) မြေပြင်တိုင်းတာခြင်း၊ (ဃ) မြေပြင်ပိုင်ဆိုင်မှုစာရင်းများပြုစုခြင်းတို့ပဲဖြစ်ပါတယ်။ ဒီအကြောင်းအရာကို ဖော်ပြတာက လုပ်ငန်းလုပ်ဆောင်တဲ့ထုထည်ပမာဏကို သိရှိစေချင်တဲ့အတွက် ဖော်ပြခြင်းပဲဖြစ်ပါတယ်။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိဟာ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ်မှတ်အက်ဥပဒေ ပုဒ်မ ၄ မှ ၁၀ အထိ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပဏာမနယ်နိမိတ်သတ်မှတ်ခြင်းနှင့် မြေတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပြီး နယ်နိမိတ်သတ်မှတ်ရေးအရာရှိဟာ ပိုင်ဆိုင်ခွင့် စုံစမ်းစစ်ဆေးတဲ့အရာရှိဖြစ်ပြီး မြေနယ်သတ်အက်ဥပဒေပုဒ်မ ၁၁ ကနေ ၁၅ အထိ သတ်မှတ်ပြဋ္ဌာန်း ချက်များနှင့်အညီ အစိုးရမြေတွေကို ကျူးလွန်ခြင်းများ အစိုးရမြေနှင့် မြေလက်ရှိဖြစ်သူများအတွက် အငြင်းအခုံဖြစ်ခြင်းများကို တိကျစွာဆုံးဖြတ်နိုင်ရန်နှင့် ဦးပိုင်နယ်နိမိတ်များ သေချာစွာမှတ်သားခြင်းမရှိတဲ့ မြေများပေါ်မှာ အမှတ်အသားများစိုက်ထူပြီးတော့ ဦးပိုင်နယ်နိမိတ်သတ်မှတ်ဆောင်ရွက်ရ တာဖြစ်ပါတယ်။ မြို့မြေတိုင်းတာခြင်းလုပ်ငန်းကိုလည်းပဲ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ်အက်ဥပဒေ ပုဒ်မ ၂ အရ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိတို့ကို ခန့်အပ်တာဝန်ပေးပြီး သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များရဲ့ စီမံမှုအရ ဆောင်ရွက်ရတဲ့

လုပ်ငန်းဖြစ်တဲ့အတွက် ခွင့်ပြုချက်ရရှိပြီးမှသာလျှင် မြေတိုင်းတာရန်အတွက် ရန်ပုံငွေများကို တင်ပြတောင်းခံရပြီး ရန်ပုံငွေခွင့်ပြုချက်ပေါ်မှာမူတည်ပြီးတော့ လုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်များအပေါ် ရခိုင်ပြည်နယ်အစိုးရရဲ့ အဖြေနဲ့ ပူးတွဲဖြေကြားရမယ်ဆိုရင် ရခိုင်ပြည်နယ်မှာရှိတဲ့ ခရိုင်ငါးခရိုင်မှာ မြို့နယ် ၁၇ မြို့နယ်၊ မြို့ပေါင်း ၂၆ မြို့ တည်ရှိပြီး ၆၄ လက်မ = ၁ မိုင်စကေးနဲ့ တိုင်းတာထားရှိတဲ့ မြို့ ၇ မြို့ရှိပြီး ၁၆ လက်မ = ၁ မိုင် စကေးဖြင့် ၁၉ မြို့ရှိကြောင်း သိရှိရပါတယ်။ ၆၄ လက်မ = ၁ မိုင်စကေးနဲ့ တိုင်းတာအသုံးပြုလျက်ရှိတဲ့ မြို့တွေကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးသိပြီးဖြစ်တဲ့အတိုင်းပဲ စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့တို့ဖြစ်ပြီး ၁၆ လက်မ = ၁ မိုင်စကေးနဲ့ တိုင်းတာအသုံးပြုလျက်ရှိတဲ့ မြို့များကတော့ ပေါက်တော၊ မောင်တော၊ တောင်ပြိုလက်ဝဲ၊ ခမောင်းဆိပ်၊ မြင်းလွတ်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ အစရှိတဲ့ ကျန်တဲ့မြို့များဖြစ်ပါတယ်။ မြို့မြေတိုင်းတာခြင်းလုပ်ငန်းဟာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ခြင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍစာရင်းများ ကောက်ယူနိုင်ရေးအတွက် စိုက်ပျိုးမြေများ တိုင်းတာခြင်းလုပ်ငန်းများကို လက်ရှိအနေအထားမှာ အဓိကထားဆောင်ရွက်နေရတဲ့အတွက်ကြောင့် သော်လည်းကောင်း၊ ဝန်ထမ်းအင်အားနဲ့လည်း လုံလောက်မှုမရှိတဲ့အတွက်ကြောင့်လည်းကောင်း မြို့ ၁၉ မြို့မှာ ၁၆ လက်မ = ၁ မိုင်စကေးမြေပုံများကိုသာ အသုံးပြုဆောင်ရွက်နေရခြင်းဖြစ်ကြောင်း ပြန်ကြားလာပါတယ်။ ၆၄ လက်မ = ၁ မိုင်စကေးဖြင့် မတိုင်းတာရသေးတဲ့ မြို့များကို တိုင်းတာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းအင်အား ထပ်မံခန့်ထားခွင့်ရရှိမှုနှင့် ရန်ပုံငွေခွဲဝေရရှိမှုတို့ အပေါ်မှာမူတည်ပြီးမှသာလျှင် မြေပြင်တိုင်းတာခြင်းနှင့် ၆၄ လက်မ = ၁ မိုင်စကေး မြေပုံရရှိရေး အတွက် ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါ ခင်ဗျား။ ကျွန်တော်တို့ ဒီမှာ မြို့မြေတိုင်းတာရေးနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးရဲ့ လိုအပ်ချက်တွေ၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိတို့၊ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိတို့ အဲဒါတွေ ခန့်ထား

ရမယ်။ ပြီးတော့ ဝန်ထမ်းအင်အားအလုံအလောက်မရှိဘူး။ ပြည်နယ်အစိုးရက ဒါကို Plan တွေဆွဲပြီးတော့ ပြည်ထောင်စုအစိုးရကိုတင်ပြရမယ်ဆိုတာ အဲဒါတွေမရှိဘူးဆိုရင် ဒါ ဘတ်ဂျက်ငွေလည်းလိုအပ်တယ်။ အဲဒါတွေမရနိုင်ဘူးဆိုရင် လုပ်ဖို့ခက်ခဲတယ်ဆိုတဲ့အကြောင်းကို ပြည်ထောင်စုဝန်ကြီးရှင်းပြတာ အဲဒီလိုပဲ ကျွန်တော်နားလည်ပါတယ်။ ဒီကိစ္စက ပြည်ထောင်စုဝန်ကြီးရဲ့ပြောပြချက်အရ ၁၇၈ မြို့နယ်အသီးသီး မြို့မြေကွက်အနေနဲ့ ၆၄ လက်မ = ၁ မိုင်နဲ့ မရေးဆွဲရသေးဘူးဆိုတာလည်း ကျွန်တော်တို့ကြားသိရပါတယ်။ ဒီကိစ္စဟာ သာမန်ပေ့ါပေ့ါတန်တန်ကိစ္စရပ် မဟုတ်ပါဘူး။ တကယ့်ကိုလည်း မြေပြင်မှာ အခက်အခဲတွေ့နေလို့ ဝန်ထမ်းတွေကတင်ပြလာတဲ့အပေါ်မှာ မူတည်ပြီးတော့ ကျွန်တော့်အနေနဲ့ ကုစားရာရလိုရကြောင်းနဲ့ ပြည်ထောင်စုဝန်ကြီးကို ကျွန်တော့်အနေနဲ့ လွှတ်တော်ကတစ်ဆင့်တင်ပြတာဖြစ်ပါတယ်။ ဒီကိစ္စတွေက အစိုးရတွေကလုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေဆိုတာက ပြည်သူတွေရဲ့လိုအပ်ချက်ကို တင်ပြဖို့အလုပ်ပဲရှိပါတယ်။ အဲဒီမှာသွားပြီးတော့စေ့စပ်ပြီးတော့ လုပ်ပေးနေစရာလည်းအကြောင်းမရှိပါဘူး။ ဒါ ပြည်ထောင်စုဝန်ကြီးကဒါတွေသိပြီဆိုရင် ပြည်နယ်အစိုးရကို ဒါတွေအပေါ်မှာ ဘယ်လိုလဲ။ ညွှန်ကြားမှုတွေထုတ်ဖို့လိုပါတယ်။ ဖြစ်နိုင်အောင်ဘယ်လိုလုပ်ကြမလဲဆိုတာ ဒါ အစိုးရပိုင်းက လုပ်ရမယ့်တာဝန်သာဖြစ်ပါတယ်။ ဒီလိုမလုပ်နိုင်တဲ့အတွက်၊ ဒီလိုဝန်ထမ်းမရှိတဲ့အတွက်၊ ဒီလိုဘတ်ဂျက်ငွေမရှိတဲ့အတွက် မလုပ်နိုင်ပါဘူးလို့လွှတ်တော်မှာတင်ပြဖို့အစား ဒီလိုရရှိအောင် ဝန်ကြီးဌာနအနေနဲ့ ဆွေးနွေးပြီးတော့ အောက်ခြေမှာညှိနှိုင်းပြီးတော့ အစိုးရ Cabinet မှာ ချပြပြီးတော့ လုပ်ဖို့သင့်ပါတယ်။ တကယ်လို့ လိုအပ်တယ်ဆိုရင်လည်း ပြည်နယ်အစိုးရကို ဒီလိုမျိုးညွှန်ကြားဖို့အစီအစဉ် ရှိပါသလား။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ပြည်ထောင်စု Cabinet အဖွဲ့မှာ ဒီကိစ္စတွေကို၊ အခက်အခဲတွေကို ဝန်ထမ်းမရှိလို့၊ ဘတ်ဂျက်မရှိလို့ဆိုတဲ့အခက်အခဲတွေကို တင်ပြဖို့အစီအစဉ်ရှိပါသလားဆိုတာကို ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ဒီဆောင်ရွက်ချက်က ဆောင်ရွက်သင့်တဲ့အချက်ဆိုတာကိုလက်ခံပါတယ်။ နိုင်ငံတော်မှာ နေရာအနှံ့အပြားမှာ ဆောင်ရွက်သင့်တဲ့အချက်ပေါင်းသည်အများကြီးရှိပါတယ်။ ဆောင်ရွက်သင့်တာတွေကို လုပ်ဆောင်တာတွေရှိပါတယ်။ ကျွန်တော့်ရဲ့ ဖြေကြားချက်မှာပါတဲ့အတိုင်းပဲဖြစ်ပါတယ်။ ကျွန်တော် အခု စကားရှည်မှာစိုးလို့ ဒီလက်ရှိဆောင်ရွက်နေတဲ့

အတိုင်းအတာတွေနဲ့ လုပ်နေတဲ့ပုံစံလေးတွေ အနည်းအကျဉ်းတော့ ကျွန်တော် တင်ပြပါရစေ။ ညွှန်ကြားချက်ကိုပြုမှာလားဆိုတာ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်အနေနဲ့ ဒါသည် ရှိသင့်တယ်ဆိုတာကိုလက်ခံပါတယ်။ ကျွန်တော်တို့ရဲ့ဘဏ္ဍာငွေခွင့်ပြုချက်အရ ဖြစ်နိုင်ရင် ဒါကိုဆက်လက်ပြီးတော့ တိုးမြှင့်ဆောင်ရွက်သွားမယ်ဆိုတာကိုလည်းပဲ ဝန်ကြီးဌာနအနေနဲ့ မှတ်စွဲထားပါမယ်။ ဒါပေမဲ့ ဝန်ကြီးဌာနရဲ့လက်ရှိလုပ်နေတဲ့လုပ်ငန်းလေးကိုတော့ အနည်းအကျဉ်းတင်ပြခွင့်ပြုပါ။ ဒါကတော့ လုပ်ငန်းတာဝန်များဖြစ်တဲ့ လယ်ယာမြေစီမံခန့်ခွဲရေးမှာ လက်ရှိအစိုးရသစ်လက်ထက်မှာဆောင်ရွက်နေတာကတော့ ဌာနတွင်းအသုံးပြုလျက်ရှိတဲ့ ကွင်းမြေပုံတွေကို Digital မြေပုံများအဖြစ်နဲ့ပြောင်းလဲနိုင်ရေးအတွက် မြေတိုင်းတာခြင်း၊ မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများကို ဒါတောင်မှ တစ်နှစ်တည်းမပြီးပါဘူး။ နှစ်အလိုက် စီမံကိန်းများချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာကဏ္ဍဆိုင်ရာစာရင်းအချက်အလက်များ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ တောင်သူများပြုစုထုတ်ပြန်ခြင်း၊ ဌာနမှတိုင်းတာထားတဲ့မြေပုံတွေ၊ လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာစာရင်းအင်းအချက်အလက်များကို အသုံးပြုပြီး သတင်းအချက်အလက်စနစ်ထူထောင်ခြင်းလုပ်ငန်းတွေနှင့် လယ်ယာမြေနှင့်မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားတဲ့ကော်မတီ သို့မဟုတ် အဖွဲ့အစည်းအသီးသီးအတွက် မိမိဌာနဝန်ထမ်းများမှ ဥပဒေသတ်မှတ်ချက်များနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ လုပ်ငန်းများကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ မပါလျှင်မဖြစ်တဲ့လုပ်ငန်းများဆောင်ရွက်ရခြင်း အစရှိတဲ့လုပ်ငန်းများသည်လည်း မိမိရဲ့ဦးစီးဌာနက ဆက်လက်ဆောင်ရွက်နေရပါတယ်။ စောစောကပြောတဲ့အတိုင်းပဲ ဌာနဝန်ထမ်းနဲ့ အင်အားနဲ့မမျှတဘူးဆိုတာလည်း လက်ရှိကအမှန်ပါ။ လူတစ်ဦးဟာ ၂၅၀၀ ဧကပဲထိန်းသိမ်းရမယ့်အစား လက်ရှိ ရှိတဲ့ဝန်ထမ်းဟာ ဧက ၅၀၀၀ကျော်ထိန်းသိမ်းနေရပါတယ်။ သူတို့ရဲ့ထိန်းသိမ်းနေရတဲ့စနစ်ဟာ။ ဒါသည်လည်းပဲ လက်ရှိ ရှိနေတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ရဲ့ လက်ရှိသွားနေတဲ့အခြေအနေသည် ချက်ချင်းကြီးတော့ဆောင်ရွက်ပေးနိုင်မှာမဟုတ်ပေမယ့် လုပ်သင့်လုပ်ထိုက်တာမှန်သမျှသည် ပြည်ထောင်စုဝန်ကြီးဌာနရဲ့ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များမှာ ပါဝင်လျက်ရှိပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**ဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်သွားရောက်ချေးပေးသော ပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ ကျွန်မဒီနေ့ လွှတ်တော်ကို တင်သွင်းမယ့်အဆိုကတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးတဲ့နေရာမှာ ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီး ကျေးရွာအရောက်အချိန်မီသွားရောက်ချေးပေးသောပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကိုလည်း တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားများနှင့်ထပ်တူ ကျေးဇူးတင်ကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ဒီအဆိုကို တင်သွင်းရခြင်းရဲ့ အဓိကရည်ရွယ်ချက်နှစ်ခုရှိပါတယ်။ ပထမတစ်ချက်ကတော့ တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေအချိန်မီ လျင်မြန်လွယ်ကူစွာ ချေးယူရရှိရေးနဲ့ ဒုတိယအချက်ကတော့ စရိတ်အကုန်အကျသက်သာစွာနဲ့ ချေးငွေများအဟောသိကံမဖြစ်ရေးကို ရည်ရွယ်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်မ လွှတ်တော်ကိုယ်စားလှယ်မဖြစ်ခင် တိုက်နယ်ဆရာဝန်၊ မြို့နယ်ဆရာဝန်ဘဝကြားသိရတဲ့ စိုက်ပျိုးစရိတ်ချေးငွေ ချေးယူရတဲ့အခါမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကို တောင်သူတွေအမြဲပြောပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး နောက်ပိုင်းမှာလည်း သူတို့ရဲ့ တင်ပြချက်တွေကို အမြဲလိုလိုကြားရတဲ့အတွက် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးတဲ့နေရာမှာ ပါလီမန်ဒီမိုကရေစီ

ခေတ်ကစပြီးတော့ ဆိုရှယ်လစ်ခေတ်၊ တပ်မတော်အစိုးရခေတ်၊ ၁၉၉၈-၁၉၉၉ ခုနှစ်အထိ ကျေးရွာဘဏ်ကော်မတီစနစ်နဲ့ ကျေးရွာအရောက် ထုတ်ချေးပေးခဲ့တယ်လို့ သိရပါတယ်။

သို့သော်လည်းပဲ ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်ကစလို့ တောင်သူများဘဏ်စနစ်ကို သိရှိနားလည်စေရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဘဏ်ခွဲများကို တောင်သူတွေကိုယ်တိုင်လာရောက်ထုတ်ချေးရန်၊ ပေးဆပ်ရန်သတ်မှတ်ခဲ့ပါတယ်။ ဒီလိုသတ်မှတ်တဲ့ ဘဏ်စနစ်ကို သိရှိနားလည်စေဖို့ ဆောင်ရွက်ခဲ့ပေမယ့်လည်း အဲ့ဒါဟာတောင်သူတွေ တိုက်ရိုက်အကျိုးမရှိပါဘူး။ ဘာကြောင့်လဲဆိုရင် တောင်သူတွေဟာ ဘဏ်ငွေချေးဖို့အတွက် လိုအပ်တဲ့စာရွက်စာတမ်းတွေပြုလုပ်ခြင်း၊ ရုံးလုပ်ငန်းများဆောင်ရွက်ခြင်းကို ကျေးရွာချေးငွေစိစစ်ရေးအဖွဲ့၏ တောင်သူကိုယ်စားလှယ်၊ ဘဏ်ကိုယ်စားလှယ်ကသာ ဆောင်ရွက်ပေးကြရပါတယ်။ ဒီလိုဆောင်ရွက်တာကိုလည်း တောင်သူတွေကမိမိတို့ ပိုင်ဆိုင်တဲ့ဧကအလိုက်၊ အခကြေးငွေပေးကြရတယ်လို့ ဆိုပါတယ်။ ဒီမှာလည်း အခကြေးငွေအပိုကုန်တာကို တွေ့ရှိနိုင်ပါတယ်။ တောင်သူတွေကတော့ ငွေထုတ်မယ့်ရမှာသာလာရောက်ပြီးတော့ လက်မှတ်ထိုးထုတ်ယူကြရတာ ဖြစ်ပါတယ်။ ဒီလိုတောင်သူတွေကိုယ်တိုင် လာရောက်ထုတ်ချေးရတဲ့အခါမှာ ရွာကနေမြို့အထိ တတ်လာရတဲ့အတွက် အချိန်ကုန်ပါတယ်။ လူလည်းပင်ပန်းကြပါတယ်။ တစ်ခါ ပြည်မြို့နယ်မှာဆိုရင် လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ဧရိယာဟာ ကျဉ်းမြောင်းတဲ့အတွက်ကြောင့်မို့လို့ တောင်သူတွေဟာ အုပ်စုလိုက်ချေးတာတောင်မှ ဘဏ်ပတ်ဝန်းကျင်မှာ ပွဲတော်ကြီးတမျှ စည်ကားပါတယ်။ လမ်းဘေးပလပ်ဖောင်းတွေ၊ လမ်းမတွေပေါ်မှာ နေပူမိုးရွာမရှောင် တစ်နေကုန်စောင့်ဆိုင်းကြရပါတယ်။ ခရီးစရိတ်၊ စားစရိတ်အနေနဲ့ အပိုငွေကြေးများလည်း ကုန်ကျတာကို တွေ့ရပါတယ်။ ပြည်မြို့နယ်မှာ တစ်ရာသီကို စိုက်ပျိုးစရိတ်ချေးငွေ ချေးယူတဲ့တောင်သူ ၁၀၀၀၀ ကျော်ရှိပါတယ်။ တောင်သူတစ်ယောက်ဟာ စားစရိတ်၊ လမ်းစရိတ် ၅၀၀၀ ကျော်ကုန်ကျမယ်ဆိုလို့ရှိရင် တစ်ရာသီအတွက် စရိတ်၊ စကအနေနဲ့ သိန်း ၅၀၀ ကျော် ကုန်ကျပါတယ်။ တစ်နိုင်ငံလုံးမှာချေးမယ့်တောင်သူလယ်သမားအရေအတွက်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် သိန်းပေါင်းသောင်းချီကုန်ကျလျက်ရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကို မူတည်ပြီးတော့လည်း ကျေးရွာအရောက်လာရောက် လာရောက်ချေးပေးတဲ့ပုံစံကို ပြောင်းလဲနိုင်စေရန်တိုက်တွန်းရခြင်းဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးစရိတ်ချေးငွေလာရောက် ထုတ်ယူတဲ့လူအများစုဟာ အိမ်ထောင်ဦးစီးအမျိုးသားများ ဖြစ်ကြပါတယ်။ ချေးငွေရရှိတဲ့အခါမှာ စိတ်အလိုလိုက်မိပြီးတော့ အရက်သေစာသောက်စားတာတွေ၊ လောင်းကစားဝိုင်းမှာကစားမိတာတွေနဲ့ ငွေတွေဟာအလဟဿကုန်ဆုံးကြရပါ

တယ်။ တစ်ခါ ဒီလိုအချိန်မှာ ခါးပိုက်နှိုက်ခံရတာတို့၊ ကျပျောက်တာတို့ ခိုးယူတာလို့ တစ်ဦးချင်းဆို ပေမယ့်လည်းနှစ်စဉ်နှစ်စဉ် ပြဿနာများ ကြုံတွေ့နေရပါတယ်။ တကယ်လို့ ကျေးရွာအရောက် ချေးပေးမယ်ဆိုလို့ရှိရင် ဒီအိမ်တွင်းရေးပြဿနာတွေ၊ လူမှုရေးပြဿနာတွေ ကျွန်မတို့မရင်ဆိုင်ရတော့ဘဲနဲ့ ထိန်းသိမ်းမယ့်အိမ်ထောင်ရဲ့ အိမ်ရှင်မတွေကိုယ်တိုင်ပါ ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဒီအချက်ကိုလည်း အလေးထားစဉ်းစားသင့်တယ်လို့ တင်ပြချင်ပါတယ်။

နောက်တစ်ခု အချိန်မီချေးယူရရှိဖို့အခြေအနေမှာ မြို့နယ်ဘဏ်ခွဲတစ်ခုကို သွားရောက်ချေးယူတဲ့အခါမှာ စောစောက ပြည်ထောင်စုဝန်ကြီးတင်ပြသလိုပဲ ကျွန်မတို့ရဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်တွေမှာလည်း ဝန်ထမ်းအင်အားက နည်းပါးပါတယ်။ ဒါကြောင့်မို့လို့ လာရောက်ချေးယူတဲ့ အုပ်စုလိုက် ချေးယူစေတာတောင်မှ တောင်သူများပြားတဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းတွေဟာ နှောင့်နှေးကြန့်ကြာလျက် စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီမရရှိတာတွေ၊ အမြဲတမ်းနောက်ကျတာတွေကြုံရပါတယ်။ တစ်ခါတောင်သူတွေရဲ့ စိုက်ပျိုးစရိတ်ချေးငွေရရှိမှု နောက်ကျရတဲ့အကြောင်းထဲမှာ ဝိုင်းကြီးချုပ်စနစ်လည်း ပါဝင်နေတာကို တွေ့ရပါတယ်။ ချေးငွေစာချုပ်အရ တကယ်လို့ ဝိုင်းကြီးချုပ်သုံးယောက်မှာ တစ်ယောက်မကျေခဲ့လို့ရှိရင် ကျန်တဲ့နှစ်ယောက်ကပါ နောက်ထပ်ချေးငွေကို စောင့်ဆိုင်းနေရပါတယ်။ အဲဒီအတွက် ကျေတဲ့တောင်သူများမှာလည်း စိုက်ပျိုးစရိတ်ချေးငွေအချိန်မီမရရှိတာကို တွေ့ရှိရပါတယ်။ တစ်ခါ ဒီရာသီမှာ တစ်ယောက်မကျေခဲ့ဘူးဆိုလို့ရှိရင်လည်း နောက်ရာသီအတွက် ထပ်မံပြီးတော့ စိုက်ပျိုးစရိတ်ချေးငွေ လျှောက်လွှာတင်လို့မရတဲ့အတွက် တောင်သူတွေအခက်အခဲနဲ့ ကြုံရတဲ့စနစ်တစ်ခုလည်းဖြစ်တဲ့အတွက် ပြင်ဆင်သင့်တယ်ဆိုတာကို ထည့်သွင်းဆွေးနွေးလိုပါတယ်။ ယနေ့အချိန်မှာ ကျေးရွာတွေကို အဓိကထား ငွေချေးပေးနေတဲ့ မြစိမ်းရောင်ချေးငွေ၊ သမချေးငွေတွေဟာလည်းကျေးရွာမှာ ကော်မတီတွေဖွဲ့စည်းပြီးတော့ အောင်မြင်စွာချေးငွေတွေကို ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေ ချေးတဲ့နေရာမှာ ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီး ကျေးရွာအရောက်အချိန်မီ သွားရောက်ချေးပေးတဲ့ပုံစံပြောင်းလဲဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား လေးလေးနက်နက်တိုက်တွန်းကြောင်းအဆို တင်သွင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါ်နီနီဝွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဝွန်း ဖြစ်ပါတယ်။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်သွားရောက်ချေးပေးသော ပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ဆွေးနွေးတင်ပြတဲ့အတိုင်း အချက်နှစ်ချက်ဖြစ်တဲ့ (၁) တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီလျင်မြန်လွယ်ကူစွာ ချေးယူရရှိရေး၊ (၂) စရိတ်အကုန်အကျသက်သာစေရေးတို့နှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ နံပါတ်(၁) အချက်နှင့်ပတ်သက်လို့ ထောက်ခံဆွေးနွေးရရင် ကျေးရွာအရောက် ကျေးရွာဘဏ်ကော်မတီများ စနစ်တကျဖွဲ့၍ ချေးပေးမည်ဆိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ဝန်ထမ်းအင်အားနည်းပါးသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ဖြစ်ပေါ်သော နှောင့်နှေးကြန့်ကြာမှုများကိုလည်း ဖြေရှင်းပြီးသား ဖြစ်သွားနိုင်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ထပ်မံထောက်ခံပြောဆိုရရင် မြို့ပေါ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ကျေးရွာအုပ်စုတစ်အုပ်စုချင်း လာရောက်ချေးယူရန်မလိုအပ်သည့်အတွက် ဥပမာ - ကျွန်မတို့ပေါက်ခေါင်းမြို့နယ်တွင် ကျေးရွာ ၅၃ အုပ်စုရှိသည့်အတွက် အရင်ရသောအုပ်စုက မထောင်းသာလှသော်လည်း နောက်ကျသည့်အုပ်စုမှာ စိုက်ပျိုးချိန်မမီလေ ဒုက္ခရောက်လေဆိုသော ဖြစ်ရပ်နှင့်မကြုံရတော့ဘဲ တောင်သူများဆန္ဒအတိုင်း စိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ်ချေးငွေကိုလည်း ရရှိမှာဖြစ်ပါတယ်။ တောင်သူများ ခေတ်အဆက်ဆက်ခံစားနေရတဲ့ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိ၍ အတိုးနှုန်းကြီးမားစွာဖြင့် ချေးယူပြီး လုပ်ငန်းခွင်ကို စတင်ရသောဒုက္ခမှလည်း ကင်းဝေးသွားမှာဖြစ်ပါတယ်။ နံပါတ်(၂) ဖြစ်တဲ့ စရိတ်အကုန်အကျသက်သာစေရေးနဲ့ပတ်သက်လို့လည်း မြို့ပေါ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ မလာရောက်ရတော့ဘဲ မိမိတို့ကျေးရွာအုပ်စုအလိုက် ချေးယူရတဲ့အတွက် မြို့ပေါ်သို့လာရောက်လျှင် ကုန်ကျရသော စရိတ်စကများလည်း သက်သာသွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်တဲ့ ကျေးရွာဘဏ်ကိုယ်စားလှယ်များထားစရာမလိုအပ်တော့တဲ့အတွက် ဘဏ်ကိုယ်စားလှယ်များကို အဆမတန်ပေးရသော ဝန်ဆောင်ခစရိတ်များလည်း သက်သာသွားမှာဖြစ်ပါတယ်။ နောက်ဆုံးအရေးကြီးဆုံးတစ်ချက်ကတော့ အဆိုရှင်တင်ပြတဲ့အတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရှိရာ မြို့ပေါ်သို့ ကျေးရွာမှ လာရောက်ချေးငွေ

ထုတ်ယူစဉ် မြို့ပေါ်၌ မူးယစ်သောက်စားပျော်ပါးမှုများ၊ လောင်းကစားဝိုင်းများ တွေ့ရှိကြုံကြိုက်ပါက လက်ထဲတွင် ငွေစ၊ ကြေးစရှိလျှင် ပြုမူတတ်သည့် လူ့သဘာဝအရ သုံးဖြုန်းပျော်ပါးမှုများကိုလည်း ကာကွယ်ပြီးသားဖြစ်သွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်မှ တောင်သူများအား လူမှုစီးပွားဘဝ အထောက်အကူပြုမြှင့်တင်နိုင်စေရန်ရည်ရွယ်ချက်ကို ပိုမိုပြည့်မြောက်စေရန်လည်းကောင်း၊ တောင်သူများအနေနှင့် ချေးယူရသော စိုက်ပျိုးစရိတ်ချေးငွေကို လယ်ယာလုပ်ငန်းခွင်တွင် အပြည့်အဝအကျိုးရှိရှိ အလေအလွင့်မရှိဘဲ အသုံးချနိုင်ရေးအတွက်လည်းကောင်း၊ ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသော ပုံစံပြောင်းလဲဆောင်ရွက်ပေးရန် အမှန်တကယ်လိုအပ်ပါကြောင်း အဆိုရှင်အား လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥဒေခွဲ (ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ပြည်မဲဆန္ဒနယ်က တင်သွင်းသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်သွားရောက်ချေးပေးသော ပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈၊ နည်းဥဒေခွဲ (ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့

၂၉-၁၁-၂၀၁၆ အင်္ဂါနေ့ ညနေ ၀၄း၀၀ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၆-၁၀-၂၀၁၆ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးပါထန်းမှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ (၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၃၀၂
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၆-၁၀-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၆-၃၄၂

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃-၁၀-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၆-၁၀-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် စျေးကွက်စီးပွားရေးစနစ်နှင့်အညီ အများပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းနိုင်ရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ၅-၁၂-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁/၂၀၁၄ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့သော်လည်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အများပြည်သူအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သောကြောင့် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးတို့အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းမှ ဆောင်ရွက်

**မူကြမ်း**

သင့်သည့် လုပ်ငန်းဖြစ်သဖြင့် တည်ဆဲပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်း၍ မူလအခြေအနေအတိုင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ရုပ်သိမ်းရန် တင်ပြလာခြင်း ဖြစ်ကြောင်း လေ့လာစိစစ်တွေ့ရှိရပါသည်။

၃။ ထို့အပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အောက်ဖော်ပြပါ အကျိုးအကြောင်း ဖော်ပြချက်များနှင့်ရုပ်သိမ်းရန် ရေးဆွဲထားသည်ကိုလည်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကို စျေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍသို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅၁/၂၀၁၄)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်း၍ ဆောင်ရွက်ခဲ့ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် အကျိုးအမြတ်အပေါ် အခြေခံရမည့်လုပ်ငန်းမဟုတ်ဘဲ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များကူးသန်းပို့ဆောင်နိုင်ရန် ဆောင်ရွက်သင့်သည့် ပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်ခြင်း၊

(ဂ) အကျိုးအမြတ်အတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်ခြင်းထက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ခြင်းကသာ ပြည်သူများ၏ ပြည်တွင်းရေကြောင်း ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ကုန်စျေးနှုန်းတည်ငြိမ်ရေးကိုပါ တစ်ဖက်တစ်လမ်းက အကျိုးပြုဆောင်ရွက်နိုင်မည့်လုပ်ငန်းဖြစ်ခြင်း၊

(ဃ) ပြည်တွင်းရေကြောင်းအဖွဲ့ဥပဒေကို အများပြည်သူအကျိုးစီးပွားအတွက် ဆက်လက်ကျင့်သုံးဆောင်ရွက်ရန် မသင့်သဖြင့် ယင်းဥပဒေကြမ်းကို ပြုစုရေးဆွဲတင်ပြရခြင်း ဖြစ်ခြင်း၊

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၂၃-၁၁-၂၀၁၆ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ရာ ပြည်တွင်း

ရေကြောင်း ပို့ဆောင်ရေးသည် အများပြည်သူအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်ပြီး အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းမှ ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်မရှိ အတည်ပြုချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၀-၁၁-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**